# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၃၀)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် UN Assistant Secretary-General and Deputy Executive Director of UNICEF Mr.˚Kul Chandra Gautam နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**လက်ခံတွေ့ဆုံ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် UN Assistant Secretary-General and Deputy Executive Director of UNICEF Mr.Kul Chandra Gautam နှင့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် UN Assistant Secretary-General and Deputy Executive Director of UNICEF Mr.Kul Chandra Gautam အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

**မြန်မာ့အလင်း** **အယ်ဒီတာ့ အာဘော်** (၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

# မြန်မာတစ်နိုင်ငံလုံးအိုင်အိုဒင်းချို့တဲ့ရောဂါပပျောက်တော့မည်

ပြည်သူများ၏ကျန်းမာရေးအတွက် အိုင်အိုဒင်းဓာတ်ရရှိရန် လိုအပ်သည်။ အိုင်အိုဒင်းချို့တဲ့မှုကြောင့် လည်ပင်းကြီးရောဂါဖြစ်နိုင်ပြီး မိခင်များတွင် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက ကလေးအသေများ မွေးဖွားလာနိုင်ကာ အသက်ရှင်ပါကလည်း ခန္ဓာကိုယ်ချို့ယွင်းမှုရှိသဖြင့် ရောဂါမဖြစ်ပွားစေရန် အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။

ကျန်းမာရေးဦးစီးဌာန၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့က ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ပံ့ပိုးမှုဖြင့် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အိုင်အိုဒင်းဆားစားသုံးရေး ပညာပေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ အိုင်အိုဒင်းဆားထုတ်လုပ်မှုကို ၁၉၆၈ခုနှစ်ကစတင်ခဲ့ပြီး ၁၉၉၂ခုနှစ်တွင် တစ်နိုင်ငံလုံး အိုင်အိုဒင်းဆားအသုံးပြုရန် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သည်။

ယခုအခါ ပြည်နယ်၊ တိုင်းတို့တွင်ပင် ရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာကျဆင်းလာနေသည်။ နိုင်ငံတစ်ဝန်း၌ လည်ပင်းကြီးရောဂါ ဖြစ်ပွားမှုနှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၅ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ရည်မှန်းထားသည့် ငါးရာခိုင်နှုန်းအောက်သို့ မကြာမီရောက်ရှိတော့မည် ဖြစ်သည်။

ရခိုင်ပြည်နယ်၌ ဆားစက်အရေအတွက် ပိုမိုများပြားလာခြင်း၊ တနင်္သာရီတိုင်း၌ အိုင်အိုဒင်းဆား ထုတ်လုပ်ပေးနိုင်သည့်ဆားစက်များရှိနေခြင်းတို့သည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်စေရေးအတွက်များစွာ အထောက်အကူပြုလျက်ရှိသည်။

အိုင်အိုဒင်းဆားထုတ်လုပ်သူများက အရည်အသွေးမီဆားများထုတ်လုပ်၍ ကျေးလက်ဒေသများ အရောက် ဖြန့်ဖြူးခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ အိုင်အိုဒင်းဆား စားသုံးရေး ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကြောင့် တစ်နိုင်ငံလုံး အိုင်အိုဒင်းချို့တဲ့ရောဂါ ပပျောက်တော့မည် ဖြစ်သည်။

တစ်နိုင်ငံလုံး၏ အိုင်အိုဒင်းဆားလိုအပ်ချက်ကို လုံလောက်စွာထုတ်လုပ်ပေးနိုင်မှု၊ အရည်အသွေးမြင့်သည့် အိုင်အိုဒင်းဆားပျမ်းမျှ၉၅ရာခိုင်နှုန်းရှိမှုနှင့် တစ်နိုင်ငံလုံးတွင် အိုင်အိုဒင်းဆားစားသုံးသူပမာဏ ၉၀ရာခိုင်နှုန်းရှိမှုစသည့် အချက်သုံးချက်နှင့်ပြည့်စုံပါက ယင်းနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့ရောဂါ လုံးဝပပျောက်ပြီဟူ၍ နိုင်ငံတကာက လက်ခံသတ်မှတ်သည်။

ယင်းအချက်သုံးချက်နှင့် ကိုက်ညီသဖြင့် မြန်မာနိုင်ငံသည် အာရှတိုက်၌ တရုတ်နှင့်ဘူတန်နိုင်ငံပြီးလျှင် အိုင်အိုဒင်းချို့တဲ့ရောဂါ လုံးဝပပျောက်သည့် တတိယမြောက်နိုင်ငံအဖြစ် ကြေညာနိုင်တော့မည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# စာရိတ္တကောင်းမွန်သော လူငယ်များဖြစ်လာအောင် စနစ်တကျလေ့ကျင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ထိရောက်စွာသင်ကြားပြသ

ရန်ကုန် ဩဂုတ် ၂၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)သို့ ရောက်ရှိလာရာ ဧည့်ခန်းမဆောင်၌ အုပ်ချုပ်ရေးမှူးဒေါ်သန်းဌွေးက အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန၏ ဝန်ထမ်းဖွဲ့စည်းပုံ၊ အသက်မွေးမှု အတတ်ပညာများသင်ကြားပေးမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် ပြန်လည်နေရာချထားပေးမှုများကို ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးမောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် အမျိုးသမီးများ ပြုစု စောင့်ရှောက်ရေးဌာနရှိ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ အတတ်ပညာသင်တန်းများ၊ အိပ်ဆောင်များ၊ စားဖိုဆောင်နှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာနသို့ အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဒေါ်သန်းဌွေးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ကော့မှူးလူငယ်သင်တန်းကျောင်း**

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ကျောင်း၏နောက်ခံသမိုင်းကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ် ဦးကျော်ဝင်းက လူငယ်သင်တန်းကျောင်း၏ တည်နေရာ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ကျောင်းသားများ လက်ခံပြုစုစောင့်ရှောက်ထားရှိမှု အခြေအနေ၊ အခြေခံပညာ သင်ကြားလေ့ကျင့်ပေးမှု၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးမှု၊ ကာကွယ်စောင့်ရှောက်ထားရှိမှုနှင့် ပြန်လည်နေရာချထားပေးမှု ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည် တာဝန်ရှိသူများအား မှာကြားရာ၌ ကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ရာတွင်စည်းကမ်းကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သော လူငယ်များဖြစ်လာအောင် စနစ်တကျသင်ကြားလေ့ကျင့်ပေးထားရန်၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ထိရောက်စွာ သင်ကြားပြသပေးရန်၊ ကျန်းမာရေးအားအထူးဂရုတစိုက်စောင့်ရှောက်ပေးရန်နှင့် သင်ရိုးညွှန်းတမ်းများအား ခေတ်နှင့်အညီ ရေးဆွဲသင်ကြားလေ့ကျင့်ပေးရန်နှင့် အခြားလူမှုဝန်ထမ်း၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် သင်တန်းကျောင်းရှိ အိပ်ဆောင်များ၊ ထမင်းစားဆောင်များ၊ စားဖိုဆောင်၊ စိုက်ခင်းများ၊ စာသင်ကျောင်းနှင့်စာကြည့်တိုက်တို့အား လိုက်လံကြည့်ရှု၍ ကျောင်းသားလူငယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

**စံချိန်စံညွှန်းမီထုတ်လုပ်**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းကျောင်းပိုင် ရော်ဘာစိုက်ခင်းဧက ၅၀သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရော်ဘာပင်များ စနစ်တကျ စိုက်ပျိုးထားရှိရေး၊ ရော်ဘာပင်များ စံချိန်စံညွှန်းမီစွာ ထုတ်လုပ်ရေး မှာကြားသည်။

သင်တန်းကျောင်းအနီး ကျေးရွာတစ်ဝိုက်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနပိုင်နှင့် ပုဂ္ဂလိကပိုင်ရော်ဘာ စိုက်ခင်းဧက၅၀၀၀ခန့် စိုက်ပျိုးထားရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၇ရက်**
**(အဖိတ်နေ့)**
**၂၉-၈-၂၀၀၆ရက်**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ကြည်ညိုဦးခိုက် ဖူးလိုက်စို့ တူပျော် မကွေးမြသလွန်စေတီတော်
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let' Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် မွေ့စကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု)(အထက-၂၊ လှိုင်သာယာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ **"အနိုင်အရှုံး"** (ပိစိ၊ ကောင်းမြတ်) ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ
၁၇:၂၀ ၇။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၀-၁၅ နှစ်) (အမျိုးသမီး)
၁၇:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈:၅၀ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၄)
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှုလိုင်နံနက်ခင်း"** (အပိုင်း-၂၂) (ဇာတ်သိမ်းပိုင်း)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၂၄)(ဇာတ်သိမ်းပိုင်း)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

## တောင်ငူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်ပွဲ

**ရန်ကုန် ဩဂုတ် ၂၈**

တောင်ငူအသင်း (ထန်းတပင်၊ အုတ်တွင်းမြို့နယ်အပါအဝင်)အသင်းသူ အသင်းသား၊ နယ်သူ နယ်သားများ စုပေါင်း လှူဒါန်းသော အသင်းတိုက် ရေစက်ချပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၇ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ဗဟန်း၂လမ်း တိုက်အမှတ်(၁၉) (ပထပ်၊ညာ)၌ ကျင်းပမည် ဖြစ်ရာ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၉-၈-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၁၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၁၉)

## ရန်ကုန်အနောက်ပိုင်းခရိုင်

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့် ဝါသနာရှင်နှင့် ပညာရှင်အဆင့် အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၆ ခုနှစ် ရန်ကုန်အနောက်ပိုင်းခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်အနောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

### ဖျော်ဖြေတင်ဆက်

ထို့နောက် အထက(၂)စမ်းချောင်းမှ ကျောင်းသူများ၏ စမ်းမာလာဆိုင်းဝိုင်းနှင့်တွဲဖက်၍ ကျောင်းသူလေးများ၏ အပျိုတော်အက၊ အထက(၂)လသာမှ လသာရတနာသံစုံတီးဝိုင်းနှင့်တွဲဖက်၍ ရွှေတံဆိပ်ဆုရှင်ကျောင်းသူများက အောင်စေပိုင်စေသီချင်း၊ အက၊ အထက(၂)လသာမှ ရွှေတံဆိပ်ငါးဆုရှင် မအိအိလှိုင်၏ လူချွန်လူကောင်းသီချင်း၊ အထက(၂)ကမာရွတ်မှ ရွှေတံဆိပ်ဆုရှင် ကျောင်းသူလေးများက ရွှေတံဆိပ် ၁၅ ဆုရှင် ဖိုးလပြည့်၏ အတီးဖြင့်တွဲဖက်၍ ပန်းရည်ဘဏ်တိုက်သီချင်း၊ အက၊ အထက(၁)ဒဂုံမှ ရွှေတံဆိပ်လေးဆုရှင် မောင်လင်းထက်ဦးနှင့်အဖွဲ့က သံစုံဂီတ တေးအလှ၊ ရှမ်းသီချင်း၊ အလှကမ္ဘာမြေ တေးသီချင်းများ၊ အလက(၁)ဒဂုံမှ ရွှေတံဆိပ်ဆုရှင် ကျောင်းသားကျောင်းသူလေးများ၏ ထပ်တစ်ရာ လမ်းသီချင်း၊ အက၊ အထက(၂)စမ်းချောင်းမှ မဝင့်ထက်ခင် ဦးဆောင်သည့် စောင်းအဖွဲ့၏ တီးခတ်မှုနှင့် ရွှေတံဆိပ်ဆုရှင် ကျောင်းသူလေးများက ရတနာပုံသီချင်းနှင့် ရွှေတံဆိပ် ၁၅ ဆုရှင် ဖိုးလပြည့်၏ ဆိုင်းလက်သံတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းတို့ကိုပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ပါဝင်ယှဉ်ပြိုင်

၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၌ ရန်ကုန်အနောက်ပိုင်းခရိုင်မှ ပညာရှင်အဆင့် ၂၇ ဦး၊ ဝါသနာရှင်အဆင့် ၉၀ စုစုပေါင်း အနုပညာရှင် ၁၁၇ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

# ဝန်ကြီးဦးစိုးသာ ခေါင်းဆောင်သောအဖွဲ့ မလေးရှားမှပြန်လည်ရောက်ရှိ အာဆီယံဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ခဲ့

နေပြည်တော် ဩဂုတ် ၂၈

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ဩဂုတ် ၂၁ ရက်မှ ၂၆ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံဝန်ကြီးများ၏ (၃၈)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။**

ဝန်ကြီး ဦးစိုးသာအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော် လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

### တက်ရောက်

ဝန်ကြီး ဦးစိုးသာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင်ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံ လွတ်လပ်သော ရင်းနှီးမြှုပ်နှံမှုကောင်စီ အစည်းအဝေးနှင့် မွန်းလွဲပိုင်းတွင် ကျင်းပသည့် အကြိမ်(၂၀)မြောက် အက်(ဖ်)တာကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato Seri Abdullah Ahmad Badawiအား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။ နံနက် ၉ နာရီတွင် (၃၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဦးစိုးသာ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

### တွေ့ဆုံဆွေးနွေး

ဩဂုတ် ၂၃ ရက်တွင် (၃၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးကို ဆက်လက် ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းတွင် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့၏ (၁၃)ကြိမ်မြောက် အစည်းအဝေး ($13^{th}$ AEM-METI Consultation)နှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် စီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံ METI ဝန်ကြီးဌာန ဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရာက်ခဲ့သည်။

ဩဂုတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပသည့်(၄)ကြိမ်မြောက်အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ အစည်းအဝေး ($9^{th}$ AEM+3)၊ (၅)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးတို့၏ အစည်းအဝေး ($5^{th}$ AEM-India Consultations)များသို့ တက်ရောက်ခဲ့သည်။

### လက်မှတ်ရေးထိုး

ဩဂုတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပသည့်(၈)ကြိမ်မြောက်အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အမေရိကန် ကုန်သွယ်ရေး ကိုယ်စားလှယ်တို့၏ အစည်းအဝေး ($8^{th}$ AEM-USTR Consultations)သို့ တက်ရောက်ခဲ့ရာ အာဆီယံနှင့် အမေရိကန်ပြည်ထောင်စုအကြား ကုန်သွယ်ရေးတိုးချဲ့ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစီအစဉ် (ASEAN-US Trade and Investment Arrangement-TIFA)ကို အာဆီယံ စီးပွားရေးဝန်ကြီးများအားလုံးနှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် (၁၁)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ဩစတြေးလျ၊ နယူးဇီလန်စီးပွားရေးဝန်ကြီးများ အစည်းအဝေး ($11^{th}$ AEM-CER Consultations)သို့ ဆက်လက်တက်ရောက်ခဲ့သည်။

ဩဂုတ် ၂၆ ရက်တွင် (၈)ကြိမ်မြောက်အာဆီယံ မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအစည်းအဝေး ($8^{th}$ AMBDC Ministerial Meeting)ကို ကျင်းပခဲ့ရာ ဝန်ကြီး ဦးစိုးသာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။အဆိုပါအစည်းအဝေးတွင် ဝန်ကြီးဦးစိုးသာသည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့သိန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဝင်းတို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရုပ်ရှင်သမိုင်းအထောက်အကူပြု ဂျာနယ်/ မဂ္ဂဇင်း လှူဒါန်းကြရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မေတ္တာရပ်ခံ

**ရန်ကုန် ဩဂုတ် ၂၈**

၁၉၉၅ ခုနှစ် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲကျင်းပစဉ်က မြန်မာ့ရုပ်ရှင်သမိုင်းပြုစုရေးကော်မတီကိုဖွဲ့စည်းပြီး မြန်မာ့ရုပ်ရှင်သမိုင်းကို ပြုစုခဲ့ရာ ၁၉၂၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်အထိ မှုကြမ်းများ စီစဉ်တည်းဖြတ်ရေးသားပြီးစီးခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကော်မတီက ၁၉၉၆ ခုနှစ်မှ ယခုအချိန်အထိ မြန်မာ့ရုပ်ရှင်သမိုင်းမှုကြမ်းကိုလည်း ဆက်လက်ပြုစုလျက်ရှိသည်။

### ပြုစုရေးသား

မြန်မာ့ရုပ်ရှင်သမိုင်းစဉ် (၁၉၂၀–၁၉၄၅) ကို စာအုပ်အဖြစ်ရိုက်နှိပ်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထုတ်ဝေခဲ့ပြီးဖြစ်ကာ ၁၉၄၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ မြန်မာ့ရုပ်ရှင်သမိုင်းစဉ်စာအုပ်ကိုလည်း ပြုစုတည်းဖြတ်ရေးသားလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မြန်မာ့ရုပ်ရှင်သမိုင်းကို အထောက်အကူပြုစေမည့် ရုပ်ရှင်ဂျာနယ်၊ မဂ္ဂဇင်းများ၊ ရုပ်ရှင်မှတ်တမ်းစာရွက်စာတမ်းများကို မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ အမှတ် ၁၆၊ ဝဏ်ပါလမ်း၊ ဗဟန်းမြို့နယ်သို့ လှူဒါန်းကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဩဂုတ် ၂၀ ရက်က သုံးခွမြို့နယ် ပုလဲကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် ချို့တဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူလေးဦးအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေ မိသားစုက ငွေကျပ် ငါးသောင်း၊ အထက်တန်းပြ ဆရာမ ဒေါ်ခင်ဖြူဝင်း မိသားစုက ငွေကျပ်ငါးသောင်း ပညာသင်စရိတ်အဖြစ် လှူဒါန်းကြရာ ပြောင်းရွှေ့သွားသော ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်ဝေက အုပ်ထိန်းသူ ဆရာမတစ်ဦးထံ ပေးအပ်စဉ်။** (က–ပ)





တရုတ်နိုင်ငံအလယ်ပိုင်း ဟောဘေးပြည်နယ် ဇီရိုင်မြို့ရှိ ကျောက်တုံး ထူထပ်သော ချောင်းငယ်တစ်ခု အတွင်း ခရီးသွား ဧည့်သည်များ အပျော်စီးလှေများစီး၍ အပန်း ဖြေနေကြသည်ကို ဩဂုတ် ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ဟောင်ကောင်၌ အိုင်တီပစ္စည်းများပြပွဲကျင်းပ

ဟောင်ကောင် ဩဂုတ် ၂၈

**၂၀၀၆ခုနှစ်အတွက် ဟောင်ကောင် ကွန်ပျူတာနှင့်ဆက်သွယ်ရေးဆိုင်ရာ အိုင်တီထုတ်ကုန်ပစ္စည်းများ ပြပွဲကို ဟောင်ကောင်တွင် ဩဂုတ်၂၅ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ကမ္ဘာတစ်ဝန်းမှ အိုင်တီကုမ္ပဏီပေါင်း ၁၇၀ကျော်တို့ပါဝင်ခင်းကျင်းပြသခဲ့ကြကြောင်း သိရသည်။**

လေးရက်ကြာကျင်းပသည့် အဆိုပါပွဲတော်တွင် ကြေးနန်း၊ ဆက်သွယ်ရေးပစ္စည်းအစိတ်အပိုင်းများ၊ ဒီဂျစ်တယ်ကင်မရာများ၊ အိတ်ချ်ဒီ ရုပ်မြင်သံကြားများ၊ ဆော့ဖ်ဝဲနှင့် ဟက်ဒ်ဝဲများအပါအဝင် အိုင်တီနည်းပညာ ထုတ်ကုန်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြသထားကြောင်း သိရသည်။

**မိတ်ဆက်**

ယခုပြပွဲတွင် အိုင်တီထုတ်ကုန် နည်းပညာသစ်ပစ္စည်းများကို ပြသထားရာ အီလက်ထရွန်နစ်ပစ္စည်းအသုံးပြုသူများ မိတ်ဆက်ခြင်းလည်းဖြစ်ကြောင်း ပြပွဲကြီးမှူးကျင်းပသူများက ပြောကြားသည်။

လာမည့်နှစ်များတွင် ဈေးကွက်၌ အိုင်တီနည်းပညာထုတ်ကုန်ပစ္စည်းသစ်များကို သုံးစွဲသူတို့ စိတ်ဝင်စားလာစေရန် ယခုပြပွဲက အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ



# နီပေါ ကလေးငယ် ၄သန်းခွဲအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည်

**ခတ္တမန္ဒူ ဩဂုတ် ၂၈**

နီပေါနိုင်ငံတွင် ယခုနှစ်၌ ငါးနှစ်အောက်ကလေးငယ် ၄ဒသမ ၅သန်းအား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးမည်ဖြစ်ကြောင်း ဟိုင်မာလာယန်သတင်းစာက ဩဂုတ်၂၆ရက်၌ ရေးသားလိုက်သည်။

ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးမှု ပထမအစီအစဉ်အဖြစ် လာမည့် စက်တင်ဘာ၂ရက်မှ ၃ရက်၊ ဒုတိယအစီအစဉ်အဖြစ် အောက်တိုဘာ ၁၄ရက်မှ ၁၅ရက်အထိနှင့် တတိယအစီအစဉ်အဖြစ် နိုဝင်ဘာ ၁၈ရက်မှ ၁၉ရက်အထိ သတ်မှတ်ထားကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြသည်။

နီပေါနိုင်ငံတွင် ပိုလီယိုရောဂါဖြစ်ပွားမှုများ ရှိနေဆဲဖြစ်ကြောင်း၊ ပြီးခဲ့သည့်ဧပြီလက ပိုလီယိုရောဂါဖြစ်ပွားမှုတစ်ရပ် တွေ့ရှိခဲ့ရကြောင်း နီပေါနိုင်ငံမှ ကလေးငယ်များဆိုင်ရာ ကျန်းမာရေးအရာရှိတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ကလည်း ဆာလာဟိုင်နှင့် ရူသာဟက်ခရိုင်များ၌ ပိုလီယိုရောဂါဖြစ်ပွားသူနှစ်ဦးကို တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့တွေ့ရှိပြီးနောက် နီပေါနိုင်ငံတောင်ပိုင်းဒေသရှိ ခရိုင်များအားလုံးတွင် ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နီပေါနိုင်ငံတွင် ၁၉၉၆ခုနှစ်မှစတင်ကာ ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးမှုအစီအစဉ်ကို စတင်ခဲ့ပြီးနောက် ပိုလီယိုရောဂါ ဖြစ်ပွားသူအရေအတွက် လျော့ကျခဲ့ကြောင်း၊ ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၄ခုနှစ်အကြား ပိုလီယိုရောဂါဖြစ်ပွားမှု အသစ်မဖြစ်ပေါ်ခဲ့ကြောင်းလည်း ကျန်းမာရေးအရာရှိ ပရာဒီဟန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# သေနတ်သမားများပစ်ခတ်မှု ဘဂ္ဂဒက်၌လေးဦးသေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၂၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်နေအိမ်တစ်အိမ်၌ ဩဂုတ် ၂၆ရက်က အမည်မသိ သေနတ်သမားများ၏ ဝင်ရောက်ပစ်ခတ်မှုကြောင့် လူလေးဦး သေဆုံးပြီး အခြား ၁၁ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အမည်မသိ သေနတ်သမားများသည် ဘာကူဘာမြို့တောင်ပိုင်းအနီးတာယာအရပ်ရှိ မိသားစုနေအိမ်တစ်အိမ်အတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



# အိုင်တီနည်းပညာ လေ့လာအသုံးပြု

**ဟောင်ကောင် အိုင်တီထုတ်ကုန်ပစ္စည်းများ ပြပွဲ၌ အိုင်တီနည်းပညာ ပစ္စည်းများအား လေ့လာ အသုံးပြုနေသူများကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် သမ္မတ ချာဗက်ဇ် ဆီးရီးယားသို့ သွားရောက်မည်

**ကာရာကတ်စ် ဩဂုတ် ၂၈**

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က မိမိသည် ဆီးရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားကြောင်း သောကြာနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။ ဗင်နီဇွဲလားနှင့် ဆီးရီးယား နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်ရည်ရွယ်သည့် ထိုအစီအစဉ်က အမေရိကန်အစိုးရကို စိတ်အနှောင့်အယှက်ဖြစ်စေမည့် လုပ်ရပ်တစ်ခုဖြစ်သည်။ ဆီးရီးယားသည် အကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုနေသည်ဟု အမေရိကန်အစိုးရက စွပ်စွဲထားသည်။

**ကြိုးပမ်း**

အမေရိကန် နိုင်ငံခြားရေးဝါဒနှင့် ကုန်သွယ်ရေးမူများကို အပြင်းအထန် ဝေဖန်သည့် မစ္စတာချာဗက်ဇ်သည် အမေရိကန်အစိုးရ၏ဩဇာကို တန်ပြန်ရန် ကြိုးပမ်းစဉ်တွင် ကျူးဘား၊ အီရန်ကဲ့သို့သော အမေရိကန်သမ္မတဘုရှ်၏ အစိုးရနှင့် သဘောထားကွဲလွဲသည့် နိုင်ငံများနှင့် နိုင်ငံရေး၊ စွမ်းအင်ရေးကိစ္စများတွင် ဆက်ဆံရေးခိုင်မြဲရေး ဆောင်ရွက်လျက်ရှိသည်။

**စွပ်စွဲ**

ဆီးရီးယားသည် ပါလက်စတိုင်းနယ်မြေနှင့် လက်ဘနွန်မှ စစ်သွေးကြွအုပ်စုများကို ထောက်ခံအားပေးနေပြီး အရှေ့အလယ်ပိုင်းတွင်ဖြစ်ပွားသည့် မကြာမီက အကြမ်းဖက်မှုကို မီးထိုးပေးနေသည်ဟု သမ္မတဘုရှ်၏ အမေရိကန်အစိုးရနှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့က စွပ်စွဲသည်။

**စီစဉ်**

ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်သည် မကြာမီက ဒုံးကျည်စမ်းသပ်မှုနှင့် နျူကလီးယားအစီအစဉ်တို့ကြောင့် အနောက်အုပ်စုက ဖိအားပေးနေသည့် မြောက်ကိုရီးယားနိုင်ငံသို့လည်း သွားရောက်ရန် စီစဉ်ထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# အမေရိကန်၌ လေယာဉ်တစ်စင်း ပျက်ကျ လေယာဉ်ပေါ်ပါရှိသူ အားလုံး သေဆုံး

ဝါရှင်တန် ဩဂုတ် ၂၈

**အမေရိကန်နိုင်ငံ အင်တခ်ကီမြို့ လီစင်တန်လေဆိပ်အနီး လူ၅၀ကိုတင်ဆောင်ကာ ပျံသန်းလာသော လေယာဉ်တစ်စင်း ဩဂုတ်၂၆ရက် နံနက်ပိုင်းက ပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင်ပါရှိသော လူအားလုံးသေဆုံးခဲ့ကြောင်း အမေရိကန်လေကြောင်းအုပ်ချုပ်ရေးအဖွဲ့ အက်ဖ်အေအေက ပြောကြားသည်။**

**မတော်တဆ**

အဆိုပါ လေယာဉ်တွင် ခရီးသည် ၄၇ဦးနှင့် လေယာဉ်အမှုထမ်း သုံးဦးပါရှိသည်။ ထိုလေယာဉ် ပျက်ကျမှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျမှုဖြစ်ပွားချိန် ဩဂုတ် ၂၆ရက် နံနက်၆နာရီခန့်က ဖြစ်ကြောင်း သိရသည်။

**ရုတ်တရက်**

ယင်းလေယာဉ်သည် လီစင်တန်လေဆိပ်မှ စတင်ပျံသန်းပြီး တစ်မိုင်ခန့်အရောက်တွင် ရုတ်တရက် ပျက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# လေထီးဖြင့် ခုန်ဆင်းသရုပ်ပြ

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ အမြင့် ၄၂၁ မီတာရှိသော အဆောက်အအုံတစ်ခုပေါ်မှ ဘယ်ဂျီယံနိုင်ငံသား ဂျိုဟန်ဘာဘုစ်က လေထီးခုန်ဆင်း သရုပ်ပြနေသည်ကို ဩဂုတ် ၂၇ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)



# နယ်သာလန်၌ မိုးကြိုးပစ် လူနှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

အမ်စတာဒမ် ဩဂုတ် ၂၈

**နယ်သာလန်အရှေ့ပိုင်း ဇော်ဒန်မြို့၌ ဩဂုတ် ၂၅ရက်က အသုဘ အခမ်းအနားတစ်ခုတွင် သစ်ပင်အောက်၌ ရပ်နေ ကြသော သူများအား မိုးကြိုးပစ်ချရာ ဂီတပညာရှင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

ချက်ချင်းသေဆုံး

**ယင်းအနက် တစ်ဦးမှာ ချက်ချင်းသေဆုံးသွားပြီး အခြားသူများကို ပြန်လည်သတိရအောင် ပြုစုပေးခဲ့ရကြောင်း၊ သို့သော်လည်း မကြာမီမှာပင် သေဆုံးသွားကြောင်း ၎င်းရဲတပ်ဖွဲ့က ပြောကြားသည်။**

**အဆိုပါ မိုးကြိုးပစ်ခံခဲ့ရသော ဂီတပညာရှင်များသည် အသက်ကြီးသူတစ်ဦး၏ အသုဘအခမ်းအနား၌ ဖျော်ဖြေနေကြသူများဖြစ်ပြီး ရုတ်တရက် မုန်တိုင်းကျရောက်ပြီး မိုးကြိုးအပစ်ခံရခြင်းဖြစ်ကြောင်း သိရသည်။**

အမ်အင်အေ၊ရိုက်တာ



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နယူးယောက်မြို့တွင် ရေလွှမ်းမိုးနေသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# နယူးယောက်တွင် လေဆင်နှာမောင်းတိုက်ခတ် နေရာအချို့တွင် ရေလွှမ်း ၊ လျှပ်စစ်မီးပြတ်တောက်

နယူးယောက် ဩဂုတ် ၂၈

**မိုးသက်လေပြင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် နယူးယောက်မြို့၏ အချို့နေရာများတွင် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကို ဩဂုတ် ၂၅ ရက်က မိနစ်၃၀ခန့် ကြိုတင်၍ အမျိုးသား မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။**

နယူးယောက်မြို့တွင် ဩဂုတ် ၂၅ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သစ်ပင်များအမြစ်မှ ပြိုလဲပြီး မော်တော်ယာဉ်များ ပျက်စီးခဲ့ရကြောင်း၊ သို့သော်ထိခိုက်ဒဏ်ရာရရှိမှုသတင်းမရရှိကြောင်း သိရသည်။

### ဓာတ်အားပြတ်တောက်

ထိုသို့သတိပေးချက်ကို နယူးဂျာစီမြောက်ပိုင်းဒေသနှင့် မင်ဟတ်တန်မြောက်ပိုင်းဒေသများသို့ ထုတ်ပြန်ပေးခဲ့သည်။ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့်နေရာဒေသအများအပြားတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည်။

### ဆုံးရှုံး

ရာသီဥတုဆိုးရွားမှုကြောင့် မိမိတို့ငွေကြေး အမြောက်အမြားဆုံးရှုံးခဲ့ရကြောင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များက ပြောကြားခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ကမ္ဘောဒီးယားနိုင်ငံတွင် တုပ်ကွေးရောဂါဖြစ်ပွားသူများပြား

ဖနောင်ပင် ဩဂုတ် ၂၈

**ကမ္ဘောဒီးယားနိုင်ငံတွင် တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိရာ ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရောက်ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ် အို)နှင့် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်ဟု ကမ္ဘောဒီးယားမီဒီယာများက ဩဂုတ် ၂၅ ရက်တွင် ဖော်ပြသည်။**

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း တုပ် ကွေး ရောဂါဖြစ်ပွားသူ ၄၆၄၅ဦး ရှိခဲ့ပြီး ၆၅ဦးသေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးအရာရှိတစ်ဦးဖြစ်သူ ဒွန်ဆိုချက်က ပြောကြားသည်။

ယခုနှစ် တုပ်ကွေးရောဂါဖြစ်ပွားမှုသည် ၂၀၀၅ခုနှစ်ကထက် ပိုမိုများပြားကြောင်း၊ သို့သော်လည်း သေဆုံးသူအရေအတွက်များ လျော့နည်းကြောင်း သွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ကမ္ဘောဒီးယား ကျန်းမာရေးအရာရှိတစ်ဦးဖြစ်သူ မန်ဘန်ဟမ်က ပြောကြားသည်။

### ဖြစ်ပွား

ကမ္ဘောဒီးယားနိုင်ငံအတွင်း တုပ်ကွေးအများဆုံးဖြစ်ပွားသည့် နေရာများမှာ ကွမ်ပွန်ချန်၊ဖနောင်ပင်၊ကွမ်ပွန်သွမ်မြို့များနှင့် ကွမ်ပွန်စု၊ဟန်ပြည်နယ်တို့တွင် အများဆုံးဖြစ်ပွားကြောင်း ၎င်းက ပြောကြားသည်။

### များပြား

အာရှ–ပစိဖိတ်ဒေသတွင်နှစ်စဉ် တုပ်ကွေးရောဂါဖြစ်ပွားသူ နှစ်သိန်းခန့်ရှိပြီး ၎င်းတို့မှ နှစ်စဉ်တစ်ထောင်ခန့် သေဆုံးလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများနှင့် ဒေသပေါင်း၁၀၀ကျော်တို့တွင် သေဆုံးမှု များပြားသောရောဂါလည်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# သမုဒ္ဒရာအတွင်း လပေါင်းများစွာမျောပါခဲ့သူသုံးဦး မက္ကဆီကိုသို့ ပြန်လည်ရောက်ရှိလာ

**ဆန်ဘလက်စ် (မက္ကဆီကို) ဩဂုတ် ၂၈**

ပစိဖိတ်သမုဒ္ဒရာအတွင်း ငါးဖမ်းလှေတစ်စင်းဖြင့် လပေါင်းများစွာ မျောနေသူ မက္ကဆီကို နိုင်ငံသားသုံးဦးသည် ဩဂုတ် ၂၅ရက်က နေအိမ်သို့ ပြန်ရောက်လာကြရာ သူရဲကောင်းများသဖွယ် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

### ပြန်ရောက်

ယင်းတို့သုံးဦးသည် ဟိုနိုလူလူမြို့မှ မက္ကဆီကိုစီးတီးသို့ လေယာဉ်ဖြင့် ပြန်ရောက်လာကြရာ သတင်းစာဆရာ ၁၀၀ကျော်တို့က လာရောက် အင်တာဗျူးလုပ်ခဲ့ကြောင်း သိရသည်။

### ကယ်တင်

၎င်းတို့သုံးဦးသည် ၂၅ ပေရှည်လျားသော ဖိုင်ဘာလှေဖြင့် ပြီးခဲ့သော နိုဝင်ဘာလက မက္ကဆီကို ပစိဖိတ်ကမ်းခြေမှ မျောပါသွားခဲ့ရာ မိုင်ပေါင်း ၅၀၀၀ခရီးရောက်ခဲ့သည်ဟုဆိုသည်။ ၎င်းတို့အား ပစိဖိတ်တောင်ပိုင်း မာရှယ်ကျွန်းအနီး တူနာငါးဖမ်းစက်လှေတစ်စင်းက လွန်ခဲ့သောနှစ်ပတ်က ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ဖော်ပြ

ယင်းတို့သုံးဦးသည် ရှည်လျားလှသော ပင်လယ်ပြင်ခရီးအတွင်း ငါးနှင့် ပင်လယ်ငှက်တို့ကို အစိမ်းစားပြီး မိုးရေသောက်ကာ အသက်ရှင်ခရီး ဆက်ခဲ့ရကြောင်း ရိုက်တာသတင်းတစ်ရပ်၌ သတင်းထူးအဖြစ် ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# လက်ဘနွန်သို့ အင်ဒိုနီးရှားတပ်ဖွဲ့စေလွှတ်ရေး အသုံးစရိတ် ဒေါ်လာ ၄၁ သန်းကျော်လိုအပ်

ဂျကာတာ ဩဂုတ် ၂၈

**လက်ဘနွန်နိုင်ငံသို့ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ စေလွှတ်ရေး အစီအစဉ်နှင့် ပတ်သက်၍ ဘတ်ဂျက်ဘဏ္ဍာငွေ ခွင့်ပြုမှုအပေါ် အင်ဒိုနီးရှားအစိုးရက ပါလီမန်နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ဩဂုတ် ၂၅ရက်တွင် ပြောကြားသည်။**

အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး ဂျူဝူနိုဆူဒါဆိုနိုက လက်ဘနွန်သို့ စေလွှတ်မည့် အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များအတွက် အသုံးစရိတ်ခန့်မှန်းငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ၁သန်း လိုအပ်ကြောင်း ပြောကြားခဲ့သည်။

### ပြောကြား

ခန့်မှန်းခြေ ကနဦးဘတ်ဂျက် ခွင့်ပြုငွေ ရရှိအောင် အင်ဒိုနီးရှားအစိုးရက ဆောင်ရွက်နေကြောင်း အင်ဒိုနီးရှားဘဏ္ဍာဝန်ကြီး ဆရီမူလ်ယာနီ အင်ဒရာဝါတီက ပြောကြားသည်။

### ဆောင်ရွက်နေ

မိမိတို့အနေဖြင့် နောက်ဆုံးအပြီးသတ် ဘတ်ဂျက် ခွင့်ပြုငွေ ရရှိအောင် ယခုမလုပ်နိုင်သေးကြောင်း၊ ကနဦး ခွင့်ပြုငွေ ရရှိရေး ဆောင်ရွက်နေကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

### စေလွှတ်

အင်ဒိုနီးရှားနိုင်ငံက လက်ဘနွန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၀၀၀ခန့် စေလွှတ်ပြီး ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့် အတူ ပူးပေါင်းဆောင်ရွက်ရေး စာရင်းပေးထားကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မော်စကိုမြို့ ဈေးတစ်ဈေး၌ ဗုံးပေါက်ကွဲ

**မော်စကို ဩဂုတ် ၂၈**

မော်စကိုမြို့ ဈေးတစ်ဈေး၌ ဩဂုတ် ၂၅ရက်က ဗုံးပေါက်ကွဲခြင်းကြောင့် ဆေးရုံတင်ထားရသူများ သေဆုံးခဲ့ရာ ၁၁ဦးအထိရှိသွားပြီဖြစ်ကြောင်း ရုရှား နယူးအေဂျင်စီက ပြောကြားသည်။

### သေဆုံး

ယင်းပေါက်ကွဲမှုမှာ ဩဂုတ် ၂၁ရက်က ချာကီဇိုဗက်စကီးဈေး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကလေးနှစ်ဦးအပါအဝင် လူ ၁၁ဦး သေဆုံးခဲ့ကြောင်း၊ ၅၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆေးရုံ၌ လက်ရှိလူ ၃၀တက်ရောက်ကုသမှု ခံယူနေဆဲဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့ အကြီးဆုံး လက်ဖက်ရည်ခွက်



ကမ္ဘာ့အကြီးဆုံး လက်ဖက်ရည်ခွက်တစ်စုံကို တွေ့ရစဉ်။ **(ဝဲပုံ)**

**ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဟယ်လင်၊လီဆာနှင့် ဂျက်နက်အမည်ရှိ ညီအစ်မသုံးဦးတို့စုပေါင်းပြီး ကမ္ဘာ့အကြီးဆုံး လက်ဖက်ရည်ခွက် တစ်စုံကို ပြုလုပ်ခဲ့ကြရာ အဆိုပါလက်ဖက်ရည်ခွက်ကြီးသည် လူသုံးဦး သက်သက်သာသာ ဝင်ထိုင်နိုင်လောက်အောင်ကြီးမား ကြောင်းသိရသည်။**

**ထိုလက်ဖက်ရည်ခွက်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးလက်ဖက်ရည်ခွက်အဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သည်။** (အင်တာနက်)

## ကမ္ဘာ့အကြီးဆုံးပန်းသီးခြင်း

ကမ္ဘာ့အကြီးဆုံး ပန်းသီးခြင်းကြီး တစ်ခုကို တွေ့ရစဉ်။ **(ယာပုံ)**

**ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ဖိုင်ဘာဖြင့် ပြုလုပ်ထားသော ပန်းသီးထည့်သည့် ခြင်းကြီးမှာ ဘတ်စ်ကားတစ်စီး အရွယ်ပမာဏခန့်ရှိကြောင်း သိရသည်။ ၎င်းပန်းသီးခြင်းကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်ကြောင်း သိရသည်။**

(အင်တာနက်)



# မဟာသုတေသနဘွဲ့ကျမ်းများပြုစုရာ၌ အရည်အသွေးရှိ ခေါင်းစဉ်များရွေးချယ် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းဆောင်ရွက်နိုင်သူများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၈

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒဂုံတက္ကသိုလ် မဟာသုတေသနဘွဲ့ သင်တန်းသား သင်တန်းသူများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် မဟာသုတေသနဘွဲ့ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**

### ဖွင့်လှစ်ထားရှိ

ရှေးဦးစွာ ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက ၁၉၉၅-၉၆ ပညာသင်နှစ်မှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အထိ ဆောင်ရွက်ခဲ့သော နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ၊ ဒဂုံတက္ကသိုလ် (၁၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် တင်သွင်းခဲ့သော သုတေသနစာတမ်းများ၊ ဒဂုံတက္ကသိုလ် သုတေသန ဂျာနယ်ထုတ်ဝေဖြန့်ချိမှု၊ ဒေသဖွံ့ဖြိုးရေးအတွက် နည်းပညာပေး စာတမ်းများဆောင်ရွက်မှုနှင့် ဘာသာရပ်အလိုက် မဟာသုတေသနဘွဲ့ သင်တန်းများ ဖွင့်လှစ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက ဘာသာရပ်အားလုံး မဟာသုတေသနဘွဲ့သင်တန်းများဖွင့်လှစ်ရေး၊ သုတေသနလုပ်ငန်းများကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရေး၊ သုတေသနခေါင်းစဉ်များကို စနစ်တကျ ရွေးချယ်သတ်မှတ်ရေး၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကို ဆက်လက်ပြုလုပ်ရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိပါက ပံ့ပိုးဖြည့်ဆည်းပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

### တွေ့ဆုံ

ဆက်လက်၍ ပါမောက္ခဌာနမှူးများနှင့် မဟာသုတေသနဘွဲ့ သင်တန်းသား သင်တန်းသူများက ဆောင်ရွက်လျက်ရှိသော မဟာသုတေသနဘွဲ့ ကျမ်းပြုစုမှုအခြေအနေများကို ဘာသာရပ်အလိုက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ရန်ကုန်တက္ကသိုလ် မဟာသုတေသနဘွဲ့ သင်တန်းသား သင်တန်းသူများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် မဟာသုတေသနဘွဲ့ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းခင်က ရန်ကုန်တက္ကသိုလ် မဟာသုတေသနဘွဲ့သင်တန်းသား သင်တန်း သူများ၏ ကျမ်းပြုစုမှုအခြေအနေများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက မဟာသုတေသနဘွဲ့ ကျမ်းများပြုစုရာတွင် နိုင်ငံအကျိုးပြု အရည်အသွေးရှိသည့် ခေါင်းစဉ်များ ရွေးချယ်သတ်မှတ်ရေး၊ သတ်မှတ်ချိန် အတိုင်း သုတေသနပြုလုပ်၍ ကျမ်းများ ပြီးစီးအောင်ဆောင်ရွက်ရေး၊ နိုင်ငံ အကျိုးပြု သုတေသနလုပ်ငန်း ဆောင်ရွက်နိုင်သူများအား ဂုဏ်ပြုချီးမြှင့်ရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိပါက ပံ့ပိုး ဖြည့်ဆည်းပေးရေး၊ သုတေသန လုပ်ငန်းများ ထွန်းပေါက်အောင်မြင် အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပါမောက္ခဌာနမှူးများနှင့် မဟာသုတေသနဘွဲ့ သင်တန်းသား သင်တန်းသူများက မဟာသုတေသနဘွဲ့ ကျမ်းခေါင်းစဉ် ရွေးချယ်သတ်မှတ်မှု၊ သုတေသန ပြုလုပ်ဆောင်ရွက်မှု၊ ကျမ်းပြုစုရေးသားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကိုဖြည့်ဆည်းဆွေးနွေး မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေများကို စေတီတော်ဂေါပကအဖွဲ့ဝင်တစ်ဦးထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် အမှတ်(၃)အခြေခံပညာဦးစီးဌာန အလှူငွေများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အမှတ်(၃) အခြေခံပညာဦးစီးဌာနက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် စေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များတန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒစရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ တက်ရောက် ကြည်ညိုကြသည်။

### ပရိတ်တရားနာယူ

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ ဩဝါဒ စရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်း ဆရာတော်ထံမှ ညွှဲ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည် ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် အမှတ်(၃) အခြေခံ ပညာဦးစီးဌာနမှ လှူဒါန်းသော အလှူတော်ငွေကျပ် ၁၄၉ သိန်းကို ညွှန်ကြား ရေးမှူးချုပ် ဦးအေးကြူက ပေးအပ် လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဝင်များက လက်ခံသည်။

### အမျှဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ ဩဝါဒ စရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်း ဆရာတော်ထံမှ ညွှဲ့ပရိသတ် များက အနုမောဒနာတရား နာယူ ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် ဩဂုတ် ၂၈**

၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက် (ဩဂုတ် ၃၀ ရက်) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်မဟာစည်သာသနာ့ရိပ်သာ ဦးစီး ပဓာန နာယက ဘဒ္ဒန္တ စန္ဒဝရ (လှိုင် မဟာစည် ဆရာတော်)က လည်း ကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတက လည်းကောင်း ရန်ကုန်မြို့ ဗိုလ် တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်း လုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိဒ္ဓိလမ်း ထောင့်နှင့် ပင်ရွှေညောင်လမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ ၂၇၆ ၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ မိုးကုတ် ဝိပဿနာ ဓမ္မကထိက ဦးဓမ္မသာရ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားများကို ဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လို သော ယောဂီများ ဩဂုတ် ၂၉ ရက် နောက်ဆုံးထား၍ ဖုန်း-၅၅၉၆၀၄ သို့ လည်းကောင်း၊ လူကိုယ်တိုင် လာ ရောက်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ကေဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘ အမှူးထား၍ ရန်ကုန်မြို့ အမှတ် G ၃၀၅၊၃၀၆ မနောဟာရီရိပ်သာ ဗဟိုလမ်း အလုံမြို့နယ်နေ ဒေါက်တာစိုးသူအောင်-ဒေါက်တာမြမြထွေး၊ သား မောင်အောင်ကောင်းကို၊ မောင်ချမ်းသုဝဏ်မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းခွဲကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အာစိဏ္ဏထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ကေဝယ်ယူရန်အတွက် ကွယ်လွန်သူမိဘများနှင့် အစ်ကို ဦးမောင်မောင်၊ ဦးဆန်နီတို့အားရည်စူး၍ ရန်ကုန်မြို့ အမှတ် ၂၅ ကျွန်းတောကျောင်းလမ်း စမ်းချောင်းမြို့နယ်နေ ဦးသက်ထွေး-ဒေါ်ဖြူဖြူ၊ သား သက်ဇင်ထက်၊ သမီး မေယမုံဦးမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ဇောတိက(ပုညဝပုန)ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

# အဝလွန်သောအမျိုးသမီးများ ကင်ဆာရောဂါ ပိုမိုဖြစ်ပွား

**အဝလွန်သောအမျိုးသမီးများသည် အသက်အန္တရာယ်ဖြစ်စေသည့် သားအိမ်ကင်ဆာနှင့် အခြားကြောက်မက်ဖွယ်ရာကင်ဆာရောဂါများ ပိုမိုဖြစ်ပွားစေကြောင်း အမေရိကန် သုတေသနပညာရှင်များက လေ့လာတွေ့ရှိထားကြောင်း သိရသည်။**

### ပိုမိုဖြစ်ပွား

အဝလွန်သော အမျိုးသမီးများ၏ ခန္ဓာကိုယ်အတွင်းရှိ အချို့ဟော်မုန်းများသည် သားအိမ်ကင်ဆာရောဂါဖြစ်ပွားစေသောဆဲလ်များကို ပိုမိုဖြစ်ပွားစေကြောင်း ပညာရှင်များက တွေ့ရှိထားသည်။



**အင်တာနက်သတင်းနှင့်ဓာတ်ပုံ**

### တိုးပွားရန်

အဝလွန်သော အမျိုးသမီး ၂၁၆ ဦးကို သုတေသနပြုခဲ့ရာတွင် ၉၀ ရာခိုင်နှုန်းသည် သားအိမ်ကင်ဆာဖြစ်ပွားနေသူများဖြစ်ပြီး သားအိမ်ကင်ဆာကို အဖုများ စတင်ဖြစ်ပေါ်ရန်နှင့် ကင်ဆာဆဲလ်များ ပိုမိုတိုးပွားရန် ၎င်းတို့၏ ခန္ဓာကိုယ်အတွင်းရှိ ဟော်မုန်းအချို့က အထောက်အကူပေးကြကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

### အခြားကင်ဆာ

ထို့အတူ အဝလွန်သောအမျိုးသမီး ၁၀၈ ဦးအနက် ၃၅ ဦးမှာ သားအိမ်ကင်ဆာဖြစ်ပွားသော်လည်း အခြားကင်ဆာရောဂါများဖြစ်ပွားကြကြောင်း ၎င်းတို့က ပြောကြားသည်။

### ကိုယ်အလေးချိန်လျှော့ချ

အဝလွန်သောအမျိုးသမီးများအနေဖြင့် အူကင်ဆာ၊ အစာပြွန်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အခြားကင်ဆာရောဂါများလည်း ဖြစ်ပွားတတ်ကြောင်း၊ ထို့ကြောင့် အဝလွန်မှုသည် ကင်ဆာရောဂါဖြစ်ပွားစေနိုင်သဖြင့် ကိုယ်အလေးချိန်လျှော့ချခြင်း၊ အဝလွန်မှု မဖြစ်ပေါ်အောင် နေထိုင်ခြင်းနည်းလမ်းများကို ကျန်းမာရေးအတွက် လိုက်နာကျင့်သုံးနေထိုင်ကြရန်လိုကြောင်း သုတေသနပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာ လောရာ ဂျိန်းအမ်စထရွန်းက ပြောဆိုသည်။

**(ကိုးကား-အင်တာနက်)**




မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

# မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်းပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန်ဆောင်ရွက်မှု ဗဟိုအဆင့်ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၈

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ် အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker က စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ရန်ကုန်တိုင်းအတွင်းရှိ စီမံချက်ဝင် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် နှစ်မြို့နယ်၊ ပဲခူးတိုင်း (အရှေ့ပိုင်း)အတွင်းရှိ စီမံချက်ဝင် ဖြူးမြို့နယ်နှင့် သနပ်ပင်မြို့နယ် နှစ်မြို့နယ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) အတွင်းရှိ စီမံချက်ဝင် အုတ်ဖိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ် နှစ်မြို့နယ်တို့တွင် မြို့နယ်အဆင့် သင်တန်းများနှင့် ရပ်ကွက်ကျေးရွာအဆင့် ဆင့်ပွားသင်တန်းများ ပြုလုပ်ရန် တစ်မြို့နယ်လျှင် ငွေကျပ် ၁၅၁၈၀၀၀စီနှင့် ခြောက်မြို့နယ်အတွက် ငွေကျပ် ၉၁၀၈၀၀၀ကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ပဲခူးတိုင်း (အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဌေးအောင်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်တို့က လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ တစ်မြို့နယ်လျှင် ငါးဦးစီ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ပဲခူးတိုင်း(အနောက်ပိုင်း) အတွင်းရှိ စီမံချက်ဝင်မြို့နယ်များတွင် မြို့နယ်အဆင့်သင်တန်းများနှင့် ရပ်ကွက်ကျေးရွာအဆင့် ဆင့်ပွားသင်တန်းများပြုလုပ်နိုင်ရန် ထောက်ပံ့ငွေများကို ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်ထံ ပေးအပ်စဉ်။** (သတင်းစဉ်)

## ရင်းရင်းနှီးနှီး ဆွေးနွေး

**ကျောက်ဆည် မြို့နယ် ပြည်ပန်း စံပြကျေးရွာတွင် အမျိုးသမီးရေးရာ စကားဝိုင်းများ ပြုလုပ်ပြီး ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

# ကျောက်ဆည် ပြည်ပန်းစံပြကျေးရွာ၌ စည်းရုံးအသိပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၈

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲကို ဩဂုတ်၂၂ရက်က ကျောက်ဆည်မြို့နယ် ပြည်ပန်းစံပြကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စည်းရုံးရေးဌာနကြီးမှူး၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်ပန်း၊ ပတ္တာ၊ ထနောင်းပင်လှ၊ ပင်တလှည်၊ သမန္တလင်း၊ မြင်းကဘက်၊ မုံ့ပေါင်းနှင့် အင်းကုန်းကျေးရွာများမှ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာသူ အမျိုးသမီးများ စုစုပေါင်း ၇၅၀တို့ တက်ရောက်ကြသည်။**



**ရှင်းလင်းပြောကြား**

အဆိုပါ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အဖွင့်အမှာစကားနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မိမိလေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး ကျောက်ဆည်ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင် ကျောက်ဆည်ခရိုင် အထူးကုဆေးရုံကြီးမှ သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မိုးသူဝင်းက HIV/AIDS ရောဂါအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ပြန်လည်ဖြေကြား**

ယင်းနောက် တက်ရောက်လာကြသူများအား အမျိုးသမီးရေးရာ စကားဝိုင်း ၁၅ဝိုင်းခွဲ၍ စည်းရုံးရေးဌာနကြီးမှူးနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ပညာပေးဆွေးနွေးချက်များအပေါ် နားလည်သဘောပေါက်မှုကို ဆန်းစစ်ကြပြီး မရှင်းလင်းသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည် ရှင်းလင်းဖြေကြားပေးကြသည်။

စည်းရုံး အသိပညာပေးဟောပြောဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာအဖွဲ့ ဝတ်စုံများကို မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌသို့ လည်းကောင်း၊ ပြည်ပန်းစံပြကျေးရွာစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များကို ကျေးရွာအမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌသို့ လည်းကောင်း ပေးအပ်ပြီး HIV/AIDS လက်ကမ်းစာစောင်များနှင့် အိုင်အိုဒင်းဆားများကို လှူဒါန်းခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာ အစောင် ၅၂၀၀ကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြေးမှုံဦးက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးထံ ပေးအပ်ပြီး စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးငယ်များအား အသိအမှတ်ပြုအဖွဲ့ဝင်ကတ်ပြားများပေးအပ်၍ ရင်ထိုးတံဆိပ်များကို တပ်ဆင်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှင်းလင်းပြောကြား

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် သားဖွားနှင့်မီးယပ် အထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်မိုးသူဝင်း HIV / AIDS ရောဂါ အကြောင်းကို ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)




■ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ပင်မသုံးထပ်ဆောင်သစ်ရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာစန်းလှိုင်က ကျောင်း၏သမိုင်းနှင့် သင်ကြား/စီမံဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ Ever Green Construction မန်နေဂျင်း ဒါရိုက်တာ ဦးသန်းရွှေက ကျောင်းဆောက်လုပ်ခြင်းနှင့် စပ်လျဉ်းသည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ကြိုးစားဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးရေး ရည်မှန်းချက်နှင့်အညီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသအလိုက် ဖြန့်ကြက် တည်ဆောက်ထူထောင်ပေးလျက်ရှိရာ ယခုအခါ ကချင်ပြည်နယ်တွင် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် မိုးညှင်းမြို့တို့၌ အစိုးရနည်းပညာကောလိပ်များကို ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာဆရာမများအားလုံး မိမိတို့၏ တစ်ဦးချင်းအရည်အသွေးများ မြင့်မားအောင် ကြိုးစားအားထုတ်ရန် လိုအပ်သကဲ့သို့ ကျောင်းသား ကျောင်းသူများကလည်း အရည်အချင်း ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြစေရန် ပညာကို ကြိုးပမ်းသင်ယူကြစေလိုကြောင်း၊ နယ်မြေပတ်ဝန်းကျင်ရှိ တည်ဆောက်ရေး စီမံကိန်းများနှင့် စက်ရုံများတွင် ကွင်းဆင်းလေ့လာကြရန်နှင့်လေအားကိုအသုံးပြု၍ လျှပ်စစ်မီးရရှိစေရေး သုတေသနလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်၍ အရိပ်လည်းရ၊ ဝင်ငွေလည်းရရှိသော နှစ်ရှည် သီးနှံ တည်ပင်များကို စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါ နည်းပညာကောလိပ် ပင်မအဆောက်အအုံသည် အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေရှိ သံကူကွန်ကရစ် သုံးထပ် RC Three Stories ဖြစ်ပြီး ပေ၁၂၀ xပေ၈၀ ရှိ Assembly Hall တစ်ခန်း၊ ပေ၄၀xပေ၃၀ ရှိ စာသင်ခန်း ၄၀နှင့် ကွန်ပျူတာခန်းနှစ်ခန်းပါဝင်ကာ Ever Green Co.,Ltd. က ၂၀၀၄ ခုနှစ် မတ်လမှ စတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

## ဖြည့်စွက်တင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၀၅-၂၀၀၆ ခုနှစ် ဧက ၁၀၀၀ ရော်ဘာစိုက်ခင်းရှိ ရော်ဘာဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးအောင်မြိုင်က ၂၀၀၆ ခုနှစ်အတွင်း ဧက ၁၀၀၌ ရော်ဘာပင် ၂၀၇၀၀ စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးသည့် ရော်ဘာအမျိုးအစားနှင့် အပင်အစားထိုး ဖာထေးစိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ရော်ဘာစိုက်ပျိုးရေးကို ပြည်နယ်၏ စံပြအဖြစ် အောင်မြင်အောင် စိုက်ပျိုးရေး ရှင်းလင်းမှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သီရိဘက်စုံစိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ ကျွန်းစိုက်ခင်းကို ရောက်ရှိကြရာ ပြည်နယ်မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းမန်နေဂျာ ဦးဝင်းမြင့်က သီရိဘက်စုံစိုက်ပျိုးရေးခြံအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ခြံစည်းရိုးကြက်ဆူ၊ ရာသီသီးနှံနှင့် ဒေသသီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် ဆက်လက်တိုးချဲ့ စိုက်ပျိုးမည့် အစီအစဉ်၊ ဒေသဝမ်းစာ ဖူလုံရေး အထောက်အကူပြု ကုန်းမြင့်စပါး ၁၀ ဧက စိုက်ပျိုးပြီးစီးမှု၊ တစ်ဖက်ပိတ်ဆည်များအတွင်း ရွှေဝါငါးကြင်း ငါးကောင်ရေ တစ်သိန်းခွဲစိုက်ထည့် မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## တိုးချဲ့စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သဘာဝ သစ်တောများပြုန်းတီးမှုကာကွယ်ရန်နှင့် ဝင်ငွေရရှိရန် ကျွန်းပင်များကို ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးရန်၊ ဇီဝဒီဇယ်ထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့ စိုက်ပျိုးရန်တို့ကို မှာကြားပြီး ခင်းကျင်းပြသထားသည့် ကော်စတာရီကာ ကျွန်းစပ်မျိုးပင်ပေါက်နှင့် ကျွန်းပင်ပေါက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ကျွန်းပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး စိုက်ပျိုးရေးခြံ ရှုရပ်မှနေ၍ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

## စိုက်ပျိုးပြီးစီး

အဆိုပါ သီရိဘက်စုံ စိုက်ပျိုးရေးခြံတွင် ၃၂၄ ဧက၌ ကျွန်းပင် ၁၇၂၈၁၄ ပင်၊ ငါးဧက၌ ပျဉ်းကတိုးပင် ၂၇၅၃ ပင်၊ ဧက ၁၀၀ ၌ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀၀နှင့် ဧက၁၀၀၌ တည်းပင်များ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး မြေလွတ်မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းကာ ကျွန်းပင်များကို တိုးချဲ့စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ် ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြပြီး တိုင်းစစ်ဌာနချုပ်၏ ရော်ဘာစိုက်ပျိုးရေးခြံအတွင်း ကိုင်းကူး ဖူးဆက်ရော်ဘာ စိုက်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

## မှာကြား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တိုင်းစံပြရော်ဘာပျိုးခြံသို့ ရောက်ရှိရာ ပျိုးခြံတာဝန်ခံ ဗိုလ်မှူးဝင်းသူက ပျိုးဥယျာဉ်အတွင်း ရော်ဘာပင်များကို အိတ်စိုက်ပျိုးပင်၊ မြေပေါက်စိုက်ပျိုးပင်နှင့် ကိုင်းကူးဖူးစက်ပျိုးပင်များအဖြစ် ပျိုးထောင်ထားရှိမှု၊ မြေဧက ၁၀၀၌ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀၀ စိုက်ပျိုးပြီးစီးမှုနှင့် အပင်ဖာထေးမှုလုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်အတွင်းမိသားစုများ၏ ရော်ဘာမျိုးကောင်းများကို အဖူးအဖြစ်သုံး၍ လက်ခံပင်ပေါ်တွင် အဖူးမြှုပ်မျိုးပွားသည့် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ အဖူးမြှုပ်ရန် လက်ခံပင်အဖြစ် အသုံးပြုမည့် ရော်ဘာပျိုးပင်ဖောက်လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်လံရှင်းလင်းပြသကြသည်။

## ပျိုးထောင်ထား

အဆိုပါ တိုင်းစံပြရော်ဘာခြံတွင် RRIM-600နှင့်PR-107အမျိုးအစား ရော်ဘာစေ့ပေါင်း ၁၅၀၅၄၅စေ့၊ F.1-77-2/77-4 အမျိုးအစား ရော်ဘာကိုင်းကူးဖူးစက် ၂၈၄၄ပင်နှင့် နောင်နန်းကိုင်းကူးဖူးဆက် ၄၈၅၈ပင်တို့ကို ပျိုးထောင်စိုက်ပျိုးထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် လိုက်ပါ၍ မြစ်ကြီးနားမြို့ စည်ပင်သာယာရေးဈေး(၁) အနီးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ သွားရောက်၍ အဆင့်မြင့် အဝတ်အထည်များ၊ ဆေးဝါးများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အလှဆင်ကြွေပြားများနှင့် အပ်ချုပ်စက်များ ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး မြစ်ကြီးနားမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျိန်ခရန်ကျေးရွာရှိ ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီလီမိတက်၏ ဥယျာဉ်ခြံမြေ နှစ်ရှည်ပင်များ စိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာဂျိတ်လင်း(န်) မြန်မာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က မြစ်ဆုံနှင့် ကျိန်ခရန်ခြံသုံးခြံတို့၌ ရော်ဘာ၊ ပျဉ်းကတိုး၊ ကျွန်း၊ ကရဝေးပင်များ၊ တရုတ်စံကားပင်၊ သစ်မွှေး၊ ပိတောက်၊ ကံ့ကော်၊ ညောင်ပင်၊ လိမ္မော်နှင့်ကြက်မောက်ပင်များ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျွန်းပင်စိုက်ခင်း၊ ကရဝေးပင် စိုက်ခင်းနှင့် ပျဉ်းကတိုးစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားဆွမ်ပရာဘွမ်လမ်းမကြီးဘေး မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စုဂေါ်နန်ကျေးရွာအနီးရှိ ဦးကရိုင်လဆန်၏ ရော်ဘာခြံသို့ ရောက်ရှိကြရာ ခြံပိုင်ရှင်ဦးကရိုင်လဆန်က ခြံမြေ ၈၃ ဧက၌ RRIM-600 နှင့် 623, GT.1နှင့် BP-24အမျိုးအစား ရော်ဘာပင် ၁၆၀၀၀စိုက်ပျိုးထားရှိမှုနှင့် ရော်ဘာစေး ထုတ်ယူရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုအားပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ရော်ဘာခြံအတွင်း အစေးထုတ်ယူနေမှုနှင့် ရော်ဘာစေ့ ပျိုးခင်းများကို ကြည့်ရှုအားပေး၍ ခြံအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရော်ဘာပင်များနှင့် ဥယျာဉ်သီးနှံအဖြစ် စိုက်ပျိုးထားသည့် မာလကာ၊ လိမ္မော်၊ ကြက်မောက်၊ ဂရိတ်ဖရုနှင့် သရက်ပင်များကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ ခုနစ်မိုင်အကွာ ပူတာအိုသွားကားလမ်းအနီး နောင်နန်းကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ သုတေသနနှင့်မျိုးပွားခြံ(နောင်နန်း)သို့ ရောက်ရှိကြရာ ခြံမန်နေဂျာ ဦးနိုင်ဝင်းက မျိုးပွားခြံအတွင်း ရော်ဘာပင်စိုက်ပျိုးထားရှိမှု၊ ထပ်မံတိုးချဲ့ စိုက်ပျိုးမည့် အခြေအနေ၊ ပျိုးပင်နှင့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူး ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နောင်နန်း သုတေသနနှင့် မျိုးပွားခြံမှ ရော်ဘာမျိုးကောင်း မျိုးသန့်များ ပိုမိုတိုးချဲ့ ထုတ်လုပ်ပေးရေးကို တာဝန်ရှိသူများအား မှာကြားကာ သုတေသနနှင့် မျိုးပွားခြံ(နောင်နန်း) ရှိ ၁၉၆၁ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သည့် ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သုတေသနနှင့် မျိုးပွားခြံ(နောင်နန်း)၏ ဧရိယာအကျယ်အဝန်းမှာ အစေးလှီးခြံဧက ၁၅၀၊ ထိန်းသိမ်းဧရိယာ ၁၃၇ဧက၊ ထပ်မံတိုးချဲ့စိုက်ပျိုးမည့် ဧရိယာ ၁၅၀ဧက၊ အုပ်ချုပ်မှုဧရိယာ ၄၉ဧကနှင့် ပျိုးပင်၊ ကိုင်းပွားခင်း ဧရိယာ၁၂ ဧက အပါအဝင် စုစုပေါင်း ၄၉၈ ဧကဖြစ်သည်။ မျိုးသန့်စေ့ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေမှာ ၂၀၀၃ ခုနှစ်တွင် မျိုးစေ့ ငါးသိန်း၊ ၂၀၀၄ ခုနှစ်တွင် မျိုးစေ့ ဆယ်သိန်း၊ ၂၀၀၅ခုနှစ်တွင် မျိုးစေ့ ၄၉၀၀၀၀နှင့် ၂၀၀၆ခုနှစ်တွင် မျိုးစေ့ ဆယ်သိန်းခန့် ဖြစ်ကြောင်း သိရှိရသည်။

## အမှာစကားပြောကြား

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် မလိခရိပ်သာ၌ ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံ၍ ရေးဦးစွာ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များက ၂၀၀၆ ခုနှစ်အတွင်း နွေစပါးနှင့်မိုးစပါး စိုက်ပျိုးပြီးစီးမှု၊ ကျွန်း၊ ရော်ဘာနှင့် ရေဝေရေလဲဒေသစိုက်ခင်းများနှင့် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ပိုမိုစိုက်ပျိုး

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ဆန်စပါးကို စိုက်ပျိုးရာတွင် ဒေသဝမ်းစာ ဖူလုံရေးအတွက်သာမက နောက်တိုးလာမည့် လူဦးရေအတွက်ပါ ရည်မှန်းချက်ထားပြီး ပိုမိုစိုက်ပျိုးကြစေလိုကြောင်း၊ စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေရရှိရေးအတွက် ရေအရင်းအမြစ်များကိုလည်း ရှာဖွေဖော်ထုတ်၍ ဆည်မြောင်း၊ တမံများရရှိနိုင်သည့်နေရာတွင် တည်ဆောက်ကြရန် လိုကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ၁၉၆၁ ခုနှစ်မှစတင်၍ ရော်ဘာများ စတင်စိုက်ပျိုးခဲ့သော အစဉ်အလာရှိခဲ့ပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးမှုကို ယခုထက်ပို၍ ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်း၊ ဒေသနှင့် ကိုက်ညီသည့် ကျွန်းသစ်၊ ပျဉ်းကတိုးများကိုလည်း တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ဒေသခံပြည်သူများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကို စည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



# အာဆီယံစာပို့တိုက်လုပ်ငန်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကကြီးမှူး၍ (၁၃)ကြိမ်မြောက် အာဆီယံစာပို့တိုက်လုပ်ငန်း အစည်းအဝေးကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ စတင်ကျင်းပပြီး ဩဂုတ်၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

## တက်ရောက်

အဆိုပါအစည်းအဝေးသို့ အာဆီယံစာပို့တိုက်အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်၊ဗီယက်နမ်၊ ဘရူနိုင်း၊ မြန်မာ၊ မလေးရှား၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စာပို့တိုက်လုပ်ငန်းဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ထို့အပြင် ဂျပန်နှင့်အိန္ဒိယနိုင်ငံတို့မှ စာတိုက်အကြီးအကဲများလည်း တက်ရောက်လေ့လာကြသည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီး၏ကိုယ်စား အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

## ဆွေးနွေးညှိနှိုင်း

အစည်းအဝေး၌ အာဆီယံဒေသအတွင်း စာပို့တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသအတွင်း နိုင်ငံအချင်းချင်းလုပ်ထုံးလုပ်နည်းဆိုင်ရာ မူဝါဒ၊ လမ်းညွှန်ချက်များကို ဆွေးနွေးညှိနှိုင်းချမှတ်မှုများနှင့် အာဆီယံနိုင်ငံများအတွင်း အပြည်ပြည်ဆိုင်ရာစာပို့တိုက်လုပ်ငန်းများတစ်ပြေးညီ ဖြစ်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဩဂုတ်၂၆ရက်က မရမ်းကုန်းမြို့နယ် လက်ထောက်မြို့နယ် ပညာရေးမှူး ဆရာကြီးဦးဟန်ရွှေက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အမက(၉) မိဘ ဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် နှစ်စဉ်ရွှေဆုများ ချီးမြှင့်နေသည့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ လှသီတာရွှေဆိုင်ပိုင်ရှင် ဦးအေးမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** (က-ပ)

# မိုးရာသီဆောင်ရွက်ရမည့်လုပ်ငန်းများ ပြီးစီးရန်ဆောင်ရွက် မွေးမြူရေးကန်များ အန္တရာယ်ကာကွယ်ရေး အလေးထား

ရန်ကုန် ဩဂုတ် ၂၈

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများအားတွေ့ဆုံရာ ဝန်ကြီးက မိုးရာသီအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစီမံချက်များ ပြည့်ဝကျော်လွန်အောင် ဖြည့်ဆည်းဆောင်ရွက်ရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။**

## ဆွေးနွေးမှာကြား

ထို့မှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သဲဖြူကွင်းကျေးရွာရှိ ဖြိုးဧရာအမှတ်(၃) ငါးမွေးမြူရေးစခန်း(သဲဖြူ)သို့ရောက်ရှိပြီး စခန်းတာဝန်ခံ၏ မွေးမြူထားရှိမှုတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

## ကူးစက်မှုကင်းစင်ရန်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် သာပေါင်းမြို့နယ် ဇီးဖြူကွင်းကျေးရွာသို့ ရောက်ရှိပြီး ၂၀၀၆ခုနှစ် ဧရာဝတီတိုင်းမြို့နယ်များရှိ ကြက်ငှက်များ ဌာနာ လျှာနာရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်စေရန် ထိန်းသိမ်း အကောင်အထည်ဖော်မှုစီမံချက်အရ ဆောင်ရွက်လျက်ရှိသည့် ဇီးဖြူကွင်း ကျေးရွာအုပ်စု၏ ခိုင်းကျွဲနွား ၁၃၂ ကောင်အား ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေကို ကြည့်ရှုအားပေးရာ ဧရာဝတီတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းက ဧရာဝတီတိုင်း၂၆ မြို့နယ်၌ ခိုင်းကျွဲ၊ ခိုင်းနွားများ ခွာနာလျှာနာရောဂါ ကူးစက်မှုကင်းစင်စေရန် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖြိုးဧရာငါးမွေးမြူရေး လုပ်ငန်းအမှတ်(၃)စခန်း (ဇီးဖြူကွင်း) သို့ ရောက်ရှိပြီး ငါးသန်ငါးဖြန်းပြုစုကန်၊ အသားတိုးငါးမွေးမြူရေးကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မွေးမြူရေးကန်များကို သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေး၊ လုံခြုံရေးသတိ အမြဲထားရှိဆောင်ရွက်ရေး အခြေအနေများဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဧရာဝတီတိုင်းဓမ္မာရုံ၌ ဝါဆိုသင်္ကန်းစုပေါင်းဆက်ကပ်

**ရန်ကုန် ဩဂုတ် ၂၈**

ဧရာဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်း(ရန်ကုန်)တို့ စုပေါင်း၍ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များထံမှပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အမှူးပြုသော ဆရာတော်ကိုးပါးထံ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း)၊ အတွင်းရေးမှူး သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် မြို့နယ်အသင်းများမှ ကိုယ်စားလှယ်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး **(ဝဲပုံ)** တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က–ပ)**



**သတ္တုတွင်း ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သတ္တုတွင်းဝန်ကြီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်နှင့် တာဝန်ရှိသူများ ဆရာတော်ထံ ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။**
(သတင်းစဉ်)

# သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ဆွမ်းဆက်ကပ်

**ရန်ကုန် ဩဂုတ် ၂၈**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်စန်းစန်းတို့အား အမှူးထား၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်အပါး ၄၅၀တို့အား တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဥတ္တမ ကြွရောက်တော်မူပြီးသတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယ နာယကချုပ် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယနာယကချုပ် ဆရာတော်ထံ ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်နှင့် ဇနီး ဒေါ်စန်းစန်းတို့ ကိုယ်စား ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းတည်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

## ပေးအပ်

ဆက်လက်၍ တစ်နေ့တာဆွမ်းအလှူတော် ငွေကျပ် ၂၅၀၀၀၀ ကို ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်က သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြင့်ကြည်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယနာယကချုပ် ဆရာတော်ထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

## ဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) ပထမအကြိမ် သက်ကြီးဆရာဝန်ကြီးအား ပူဇော်

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်)၏ ပထမအကြိမ် အသက်(၇၅)နှစ်ကျော် သက်ကြီးဆရာဝန်ကြီးအား ဂါရဝပြုထောက်ပံ့ ပူဇော်ပွဲကို ဩဂုတ် ၂၃ ရက်က ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပလျက်ရှိသည့် စဉ်ဆက် မပြတ် ဆေးပညာနှီးနှောပွဲအပြီးတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်)၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာကြည်ဖေက သက်ကြီးဆရာဝန်ကြီးအား ဂါရဝပြုထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ကြီးဆရာဝန်ကြီးဖြစ်သူ အငြိမ်းစားကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးအောင်ကြင်အား ထောက်ပံ့ငွေကျပ် ၄၅၀၀၀ နှင့် စိတ်ကျရောဂါနှင့် ထိခိုက်ဒဏ်ရာကာကွယ်ရေးပညာပေးစာအုပ်ငယ်များကို ထောက်ပံ့ပေးအပ်သည်။

## ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ အသစ်တည်ဆောက်လျက်ရှိသော မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်)အစည်းအဝေးခန်းမဆောင်သစ် ရန်ပုံငွေ ရရှိရေးအတွက် ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) ပြက္ခဒိန်ထုတ်ဝေဖြန့်ချိရောင်းချရေးနှင့်စပ်လျဉ်းပြီး ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ စတင်

**ရန်ကုန် ဩဂုတ် ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်မျက်အတွဲပေါင်း ၃၁၂ တွဲ၊ ကျောက်စိမ်း အတွဲပေါင်း ၁၀၂၉ တွဲတို့ကို Bargain စနစ်နှင့် Auction စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယနေ့မှစ၍ ဩဂုတ် ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရတနာ ကုန်သည်များ ကြည့်ရှုစစ်ဆေးရန် ပြသထားမည်ဖြစ်ပြီး ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီတွင် Bargain စနစ်နှင့် Auction စနစ်တို့ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်း ရတနာကုန်သည် ၅၅၇ ဦးနှင့် ပြည်ပမှ ရတနာကုန်သည် ၃၃၅ ဦးတို့ လာရောက်၍ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၉–၈–၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | တေးဂီတအစီအစဉ် |
| ၇:၁၀ | ကျန်းမာခြင်းဆိုင်ရာ သိကောင်းစရာ(၁) |
| ၇:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၃၀ | ‘အင်း’ ငွေပန်းထိမ်ရဲ့ အငွေ့အသက် |
| ၇:၅၀ | တေးဂီတအစီအစဉ် |
| ၇:၅၅ | အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (ဒေါ်ခင်မြင့်မြင့်နှင့်တွေ့ဆုံခြင်း) |
| ၈:၁၅ | ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရား |
| ၈:၂၅ | တေးဂီတအစီအစဉ် |
| ၈:၃၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာဒေါက်တာမြင့်သန်းနှင့် တွေ့ဆုံခြင်း) |
| ၈:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၅၅ | သန့်ရှင်းလတ်ဆတ် စံချိန်မီ မြန်မာ့ချက်နို့ဆီ |
| ၉:၁၀ | တေးဂီတအစီအစဉ် |
| ၉:၁၅ | ကြည်နူးကုသိုလ်ပြုကြမယ် သာသနာ့ပုဂံမြေဝယ် |
| ၉:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | ခလေ့ရှိးရာ ရှမ်းရွာလေးများ |
| ၁၀:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၁၀ | Sunday Talk |
| ၁၀:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို |
| ၁၁:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၁၅ | ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ |
| ၁၁:၃၅ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၁:၅၀ | တေးဂီတအစီအစဉ် |
| ၁၁:၅၅ | ယဉ်ကျေးမှုတက္ကသိုလ် (သဘင်ပညာဌာန) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ဖြူးမဟာစည်သာသနာ့ရိပ်သာ ၁၀ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တနရပတိ (သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ)ဖြူးဆရာတော်ကြီးကိုယ်တိုင် မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို စက်တင်ဘာ ၇ ရက်မှ စက်တင်ဘာ ၁၆ ရက် (စနေနေ့)အထိ ၁၀ရက်တိုင်တိုင် ဟောပြော ပြသပို့ချသင်ကြားမည်ဖြစ်သည်။ မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ပွားများ အားထုတ်လိုသော ယောဂီများသည် စက်တင်ဘာ ၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီအရောက် မိမိတို့အိပ်ရာလိပ်နှင့် မှတ်ပုံတင်ကတ်ပြားပါ တစ်ပါတည်း ယူဆောင်လာကြရမည်ဖြစ်ကြောင်းသိရသည်။ တရားစခန်းဝင်လိုသောယောဂီများနှင့် ဆွမ်းစသည်လှူဒါန်းလိုသော အလှူရှင်များသည် ရိပ်သာ ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆(လိုင်းခွဲ–၁၈၁)၊ ၀၉–၅၀–၁၇၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**





**ဩဂုတ် ၂၆ရက်က ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ်၏ ၂၀၀၅–၂၀၀၆ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အလုံမြို့နယ် ခန်းမ၌ကျင်းပရာ တိုင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်း အမှာစကားပြောကြားစဉ်။** (က–ပ)

29-8 (09).p65 1 1/1/32, 12:38 PM

# မြန်မာ့လူ့အဖွဲ့အစည်း၏ဂုဏ်ယူဖွယ်ရာ အမြင့်သဘင်ပွဲကြီး

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

*** ဂီတသုခုမသဘင်ဆိုတာ**
**လူတကာကြိုက်တဲ့ အစာတစ်မျိုးပါ၊**
**ငယ်စဉ်အခါက သားချော့တေး**
**အိုအို. . .အေးအေး၊ အို. . .အေးအေး။**
*** ကလေးအက "ချိုမိုင်မိုင်"**
**ရက္ခိုင်ဆိုတော့ အက 'သျှိုင်ဒိုင်'၊**
**အမေနဲ့ပြိုင် နိုင်အောင်က**
**ဂီတနဲ့စ ရင်းနှီးခဲ့ရ။**
*** နိုင်ငံတစ်ခုရဲ့ ယဉ်ကျေးမှုကို**
**အနုပညာစံပြုတိုင်းတာသလို၊**
**မြန်မာကို ကမ္ဘာကသိ**
**တူရိယာဆိုင်းဝိုင်းကြီး ခံ့ညားဘိ။**
*** နတ်သားဇေလုဝစောင်းတော်မဟာ**
**ဂါထာဆယ်ပါးတီးခတ်ကာ**
**ဗုဒ္ဓမြတ်စွာ ထံတော်ရင်း**
**မလျော့မတင်း၊ နားတော်သွင်း။**
*** မူရင်းဗီဇအမျိုးသာသနာ**
**မြန်မာ့စောင်းတော်အစပြုလာ၊**
**ကျက်သရေရှိကာ၊ ခံ့ခံ့ညား**
**မီးရေစုံသား၊ ထူးမခြားနား။**
*** နှိုးကြားတက်ကြွ၊ မြူးရွှင်ကာ**
**ရိုးရာအိုးစည်အကချစ်စရာ၊**
**မြန်မာတစ်ပင်တိုင် သမီးပျိုလေး**
**ယဉ်ကျေးသိမ်မွေ့ မြန်မာ့သွေး။**
*** လက်ဆင့်ကမ်းအမွေပေးစို့လေ**
**ဒို့တစ်မျိုးသားလုံး ခွန်အားဝေ။ ။**

**ဖိုးရန်နိုင် (ကျောက်ကြီး)**

သမိုင်းကြောင်း အတွေ့အကြုံမှ ပေါက်ဖွားလာသည့် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် အဆင့်အတန်းမြင့်မား ထည်ဝါသည့် ယဉ်ကျေးမှု အဆောက်အအုံများကို မြတ်နိုးထိန်းသိမ်းလာခဲ့သည့် ဇာတိသွေး၊ ဇာတိမာန်စွမ်းအားကြောင့် မြန်မာတိုင်းရင်းသားတို့သည် လက်ရုံးရည်၊ နှလုံးရည်ပါ သန်စွမ်းပြည့်ဝပြီး စည်းလုံးညီညွတ်သည့် အမျိုးသား နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။ ထိုမျှသာမက သမိုင်းစဉ် တစ်လျှောက်တွင် အိမ်နီးချင်းနိုင်ငံများ၏ လေးစားချစ်ကြည်မှုကိုရရှိပြီး ဆက်ဆံရေးကောင်းမွန် သာယာချောမွေ့ခဲ့ပါသည်။

သမိုင်းအစဉ်အလာကောင်းများနှင့်အညီ မြန်မာတို့သည် မိမိတို့ သီးသီးသန့်သန့် ပျိုးထောင်လာခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် ယှဉ်တွဲပြီး ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာနှင့် အမျိုးသားရေး ဥပဓိရုပ်များ မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရှင်သန်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာ့ရေမြေပေါ်တွင် မြန်မာလူမျိုးတို့ နှစ်ပရိစ္ဆေဒရှည်ကြာစွာ ထိန်းသိမ်းပျိုးထောင်လာခဲ့ကြသည့် ထည်ဝါမြင့်မားသည့် သမိုင်းကြောင်း အစဉ်အလာများနှင့် သိမ်မွေ့နက်ရှိုင်းသည့် ယဉ်ကျေးမှုအဆင့်အတန်းများကို ရှေးဟောင်း၊ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ တူးဖော်တွေ့ရှိရသည့် မြို့တော်ဟောင်းများ၊ ခေတ်အဆက်ဆက်လူ့အသုံး အဆောင်ပစ္စည်းများ၊ တန်ဆာဆင် ခြယ်မှုန်းထားသည့် ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ စသည့် ပန်း၁၀မျိုးလက်ရာများနှင့် စာပေ ပုရပိုက်၊ မင်စာ၊ ကျောက်စာ၊ လက်ရေးစာများတွင် လေ့လာတွေ့မြင် နိုင်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမတရားများနှင့် ထုံမွမ်းနေသည့် လူ့ကျင့်ဝတ်များ၊ လေးနက်ခိုင်မာသည့် တွေးခေါ်မြော်မြင်မှု သဘောတရားနှင့် လောကရေး၊ ဓမ္မရေး၊ ရာဇရေး အယူအဆများ၊ နက်နဲသိမ်မွေ့ပြီး ကျယ်ပြောနက်ရှိုင်းသည့် အနုသုခုမပညာရပ်များ၊ ယဉ်ကျေးသိမ်မွေ့သည့် ထုံးတမ်းဓလေ့အစဉ်အလာများ စသည့် စိတ်ပိုင်း ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ၏ အရည်အသွေး များကိုလည်း စာပေ၊ ကဗျာ၊ အလင်္ကာ၊ အမွှမ်းအဖွဲ့များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး သဘင်ပညာရပ်များမှတစ်ဆင့် ဖော်ထုတ် တွေ့မြင်နိုင်ပါသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုကို **"ယဉ်ကျေးမှု အစစ် လူ့အနှစ်"**ဟူသော ဆိုရိုးစကားဖြင့် တိုင်းတာကြည့်နိုင်ပေသည်။

ယဉ်ကျေးမှုဆိုရာတွင် အပိုင်းနှစ်ပိုင်းရှိသည်။ လူ၏ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွင် လူနေအဆောက်အအုံများ၊ အတတ်ပညာ နည်းပညာများ၊ လူသုံးပစ္စည်းကိရိယာများ စသည်တို့ပါဝင်သည်။ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွင် အနုပညာရပ်များ၊ တရားဥပဒေ၊ ဘာသာယုံကြည်ကိုးကွယ်မှု၊ အမျိုးသားရိုးရာ ထုံးတမ်းဓလေ့များပါဝင်သည်။ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု အချက်အလက်များကို အခြေပြု၍ အမျိုးသားယဉ်ကျေးမှုဟု ဖြစ်ပေါ်လာသည်။

ဘေးဘိုးအစဉ်အဆက်က ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ မိမိနှင့်တကွ နောင်လာနောက်သားများ လက်ထက်တွင်လည်း ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရန် တာဝန်ရှိပါသည်။ သို့မှသာ အမျိုးသားယဉ်ကျေးမှု အစွန့်ရှည်တည်တံ့နိုင်ပါမည်။ ထိန်းသိမ်းမှုအပြင် တိုးတက်အောင် တီထွင်ကြံဆဖို့လည်း လိုအပ်ပါသည်။ ခေတ်အဆက်ဆက်က တိုးတက်အောင် တီထွင်ခဲ့ကြသဖြင့် အမျိုးသားယဉ်ကျေးမှုများ ကြွယ်ဝ ဆန်းသစ်လာခြင်း ဖြစ်ပါသည်။

ခေတ်သည် အစဉ်ပြောင်းလဲဖြစ်ထွန်းနေပါသည်။ ထိုပြောင်းလဲလာသော ခေတ်အလျောက် ယဉ်ကျေးမှုလည်း လိုက်ပါပြောင်းလဲလေ့ရှိသည်။ သို့သော် အမျိုးသားရေးအခြေခံပျောက်သွားသည့် ပြောင်းလဲခြင်းမျိုး မဖြစ်သင့်ပါ။

ယခုအခါ ဆက်သွယ်ရေးနည်းပညာ တိုးတက်လျင်မြန်လာသဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှုများလည်း အလွယ်တကူ ကူးလူးဝင်ရောက်လာသည်။ ကူးစက်ပြန့်ပွားအောင် ထိုးဖောက်ဝင်ရောက်မှုများလည်း ရှိနေသည်။ ကိုယ့်အမျိုးသားဓလေ့ထုံးစံ၏ သိမ်မွေ့မှုကို မဆီလျော်သော တိုင်းတစ်ပါးယဉ်ကျေးမှုဖြင့် အရုက်တကွဲ အကျိုးနည်းအောင် လုပ်သူများလည်းရှိလာသည်။ မောင်နှင့်နှမ၊ သားနှင့်အမိကြား၍မကောင်း၊ ကြည့်၍မသင့်သော အဆိုအကများသည် ကူးစက်ရောဂါပိုးသဖွယ် နေရာအနှံ့သို့ အလျင်အမြန် ပြန့်ပွားလာသည်။

ထိုအချက်များကို အမျိုးသားရေးသတိဖြင့် တားဆီးဖယ်ရှားပစ်ကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်က အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူ၍ လူမှုရေးဦးတည်ချက်တစ်ရပ် ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပြုလုပ်ပေးလျက်ရှိရာ အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့် ကျောင်းသား၊ ကျောင်းသူများကလည်း တက်တက်ကြွကြွ ဝင်ရောက် ယှဉ်ပြိုင်နေကြသည်။ လူလားမြောက်စ ကလေးသူငယ်များကလည်း ငှက်ပျောပင်စိုက်မိလိုက် ဖပါဆိုသကဲ့သို့ ပါဝင်ဆင်နွှဲလျက်ရှိသည်။ ဝါရင့်သမ္မာရင့် ပညာရှင်ကြီးများကလည်း ရင်အုပ်မကွာ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးနေကြပါသည်။

ဤနည်းဖြင့် မြန်မာလူငယ် လူရွယ်ထုအတွင်း မြန်မာ့ဂီတ၊ မြန်မာ့အကကို လေ့လာလိုက်စား တန်ဖိုးထားမှုများ တိုးပွားလာလျက်ရှိသည်။ ဤသို့ဖြင့် မြန်မာ့ယဉ်ကျေးမှုသည် ကိုယ့်ရေ၊ ကိုယ့်မြေတွင် ရောဂါကင်းစင်ကာ သန်စွမ်းစည်ပင်လာပါလိမ့်မည်။ တိုင်းပြည်နှင့် လူမျိုးသည်လည်း ကမ္ဘာ့အလယ်တွင် လူရိုသေ၊ ရှင်ရိုသေခံရပါလိမ့်မည်။

မြန်မာ့ယဉ်ကျေးမှုသည်သာ မြန်မာ့အနှစ်သာရ၊ မြန်မာ့ကျက်သရေဟု ဆိုရမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းဦးအစကာလများကပင် အဆင့်အတန်း မြင့်မားပြီး အရည်အသွေး ပြည့်ဝခံ့ထည်သည့် ယဉ်ကျေးမှု အဆောက်အအုံကြီးကို ခိုင်ခိုင်မာမာ ထူထောင်လာနိုင်ခဲ့သည့်အတွက် သမိုင်းအစဉ်အလာကောင်းများနှင့် ပြည့်စုံလှသည့် နိုင်ငံတော်ကြီးအဖြစ် ဝင့်ဝင့်ကြွားကြွား ရပ်တည်လျက်ရှိပါသည်။

နှစ်ပေါင်းထောင်ချီပြီး ရှည်လျားသည့် မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ချစ်ချစ်ခင်ခင်၊ ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်ရင်း မိမိတို့၏ ယဉ်ကျေးမှုအဆောက်အအုံကြီးကို ပိုမိုပြီး ကြွယ်ဝနက်ရှိုင်းအောင်၊ ကုံလုံပြည့်စုံအောင်၊ ခိုင်ခံ့ဝင့်ထည်အောင် ပြုစုပျိုးထောင် သိုမှီးစုဆောင်းပြီး မျိုးဆက် တစ်ဆက်မှတစ်ဆက်သို့ အမွေခံကောင်းများအဖြစ် လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

မြန်မာ့မျိုးချစ် သမိုင်းသုတေသီတို့သည် မြန်မာ့သမိုင်းဦး၏ အထောက်အထား မှန်ကန်သော သမိုင်းစာမျက်နှာ ကြေးမုံပြင်တို့ကို ပျူခေတ်ကြီးလေးခေတ်နှင့် ပုဂံခေတ်ဦးမှ စတင်တွေ့ရှိဖော်ပြနိုင်ခဲ့ကြပါသည်။ သမိုင်းဦးအစသည် ဗိဿနိုးတူးဖော်မှု(အေဒီ–၁ရာစု)မှ စတင်ခဲ့သော်လည်း ပုဂံစတင်တည်ဆောက်မှု (အေဒီ–၅ရာစု)ခန့်မှ ပုဂံမင်းတစ်ပါးဖြစ်သော ပျဉ်ပြားမင်း(အေဒီ–၈၄၉)တွင် ပုဂံကိုတံခါး၁၂ ပေါက်နှင့် အခိုင်အခံ့ တည်ဆောက်ခဲ့သည်။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် ၈ရာစု ကျော်ခန့်မှစ၍ ပုဂံခေတ်ဦးတွင် စတင်ထွန်းကားခဲ့ပါသည်။ နန်းချိုဘုရင် အီမိုစူးလက်ထက်တွင် ပုဂံမှပျူတို့၏ သံအဖွဲ့တစ်ဖွဲ့နှင့် ကချေသည်အဖွဲ့တို့ ချစ်ကြည်ရေးခရီးများရောက်ပြီး နန်းချိုတွင် ဖျော်ဖြေရာ အလွန်ကောင်းမွန်သဖြင့် နန်းချိုတို့က အလွန်နှစ်သက်ကျေနပ်ကြ၍ ပုဂံနှင့်နန်းချို ငြိမ်းချမ်းရေးဖြစ်ပေါ်စေပြီး ဂီတစွမ်းအား ထွန်းကားခဲ့ကြောင်း လေ့လာ မှတ်သားရပါသည်။

ပုဂံခေတ်တွင် မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာ ခိုင်မာစည်ပင်ကြောင်း ချစ်ကြည်ရေးခရီးသွားရောက်ပြီး ထိုခေတ်က တည်ထားခဲ့သော ဘုရား၊ ပုထိုး၊ စေတီစသည်တို့က သက်သေပြုလျက်ရှိပါသည်။

ပင်းယခေတ်တွင် ကာချင်း၊ အင်းဝခေတ်တွင် မြေဝိုင်းအက၊ နိပါတ်ခင်းအက၊ တစ်ပင်တိုင်အက၊ ယိမ်းအကများ ဖြစ်ထွန်းခဲ့ကြောင်း နံရံဆေးရေးပန်းချီနှင့် ပျို့စာပေများက သက်သေပြုဖော်ပြခဲ့ပါသည်။

တောင်ငူခေတ်တွင် တောင်ငူမြို့စား မင်းသားသတိုးဓမ္မရာဇာက သင်္ခပတ္တဇာတ်ကို ရေးသားခင်းကျင်းခဲ့သည်။ ရတနာပုံခေတ် ရောက်လာသောအခါ မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာသည် အလွန်အဆင့်အတန်း မြင့်မားလာခဲ့သည်။

မြန်မာလူမျိုးများကို မျိုးရိုးဂုဏ်ရှိန် မြင့်မားထည်ဝါသည့် လူမျိုးအဖြစ် သမိုင်းစဉ်အဆင့်ဆင့်မှာ မြှင့်တင်လာခဲ့သည့် အစဉ်အလာကောင်း၊ စွမ်းရည်ကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ပြီး မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန်နှင့် တန်ဖိုးကြီးမား၍ စွမ်းအားထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့်လူမျိုး မြှင့်တင်ရေးတွင် ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ယခုအခါ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများဖြင့် ပြန်လည်ဖော်ထုတ် ပြုစုပျိုးထောင်နေခြင်းဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် ရုပ်သေးသဘင်၊ ဇာတ်သဘင်၊ အငြိမ့်သဘင်နှင့် ဆိုင်းသဘင်ခေါ်သည့် သဘင်လေးရပ်တွင် အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ကျယ်ပြောနက်ရှိုင်း သိမ်မွေ့လှပစွာ စိမ့်ဝင်ပျံ့နှံ့ ထွန်းကားလျက်ရှိပါသည်။

အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် သူ့မူ၊ သူ့ဟန်၊ သူ့အထာ၊ သူ့သဏ္ဌာန်နှင့် သီးသီးသန့်သန့် ပညာရပ်များအဖြစ် ကိုယ်စီကိုယ်စီ ဖြစ်ထွန်းနေသကဲ့သို့ ပညာရပ်တစ်ခုနှင့် တစ်ခုသည်လည်း အပြန်အလှန်အကျိုးပြု အထောက်အကူပြုစေလျက်ရှိနေသည်ကို တွေ့ရှိနိုင်ပါသည်။

မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်အသီးသီးသည် ယဉ်ကျေးသိမ်မွေ့ တင့်တယ်ခံ့ညားမှု၊ သွယ်ပျောင်းငြိမ့်ညောင်းမှု၊ ထက်မြက်တက်ကြွမှုဆိုသည့် ဣန္ဒြေကျက်သရေတို့နှင့်လည်း ကိုယ်စီကိုယ်စီ ပြည့်ဝကြသည်ချည်း ဖြစ်ပါသည်။

သဘင်ပညာ၌ မြန်မာတို့သည် သိမ်မွေ့နူးညံ့သော ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့ပါသည်။ သိမ်မွေ့ငြိမ့်ညောင်းလှသည့် မြန်မာအကတစ်မျိုးကို အငြိမ့်အကဟုခေါ်တွင်ခဲ့ကြသည်။ **"ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်။ ဇာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်ရမည်"** ဟူသော စကားအတိုင်း မြန်မာ့ဇာတ်သဘင်သည် အသိပညာအလိမ္မာ ပေးစွမ်းနိုင်သည့် ယဉ်ကျေးမှုအနုပညာတစ်ရပ်ဖြစ်ပါသည်။

"ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်"ကို အခြေခံသော မြန်မာ့ဂီတသည်လည်း ယဉ်ကျေးသိမ်မွေ့လှပါသည်။ တူရိယာငါးပါးတွင် အပါအဝင်ဖြစ်သော စည်တော်သည် မြန်မာ့ယဉ်ကျေးမှုအတွက် အရေးပါသော တူရိယာတစ်မျိုးဖြစ်ပါသည်။ စည်တော်သံကြားလျှင် မြန်မာ့ရိုးရာမင်းခမ်းမင်းနား ဓလေ့ထုံးတမ်းကို သတိရစေသည်။ မြန်မာ့စောင်းသည် ကမ္ဘာက အသိအမှတ်ပြုရသော တူရိယာတစ်မျိုးဖြစ်သည်။ မြန်မာ့စောင်းသည် ငြိမ့်ညောင်းညင်သာပြီး နားဝင်ပီယံ ဖြစ်စေပါသည်။ မြန်မာ့ပတ္တလားသည်လည်း သိမ်မွေ့သော တူရိယာဂီတတစ်မျိုးဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် နှစ်ပေါင်းရှည်ကြာ အမြစ်တွယ်ရှင်သန်ဖြစ်ထွန်းလာခဲ့သည့် တရားမျှတမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ တည်ကြည်ဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနာမှု၊ မေတ္တာတရားထားရှိမှု စသည့် အမွန်အမြတ်တရားများ၊ ဟီရိသြတ္တပ္ပ တရားနှစ်ပါး၊ ဗြဟ္မစိုရ်တရားလေးပါးတို့ လွှမ်းခြုံနေပေရာ မြန်မာ့ရိုးရာဓလေ့စရိုက် အစဉ်အလာများနှင့် မြင့်မြတ်သည့် မြန်မာ့စိတ်ရင်းကောင်းတို့သည် မြန်မာ့အနုပညာရပ်များတွင်လည်း နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ထုံမွမ်းနေသည်။

အထူးသဖြင့် မြန်မာ့ဇာတ်တော်ကြီးများနှင့် အမြင့်သဘင်ဟုခေါ်သော ရုပ်သေးသဘင်တို့၏ တင်ဆက်မှုများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၏ အနှစ်သာရများ၊ မြန်မာ့အနုသုခုမပညာရပ်များ၏ သိမ်မွေ့နက်ရှိုင်းသည့် ပညာခန်း အဆီအနှစ်များအပြင် ကိုယ့်မင်း ကိုယ့်ချင်းဖြင့် ခမ်းနားထည်ဝါစွာ နေထိုင်လာခဲ့ကြသည့် မြန်မာ့လူ့အဖွဲ့အစည်း၏ အဆင့်အတန်းမြင့်မားလှသည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် တရားမျှတမှုဆိုင်ရာ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများ၊ သံခင်း၊ တမန်ခင်းနှင့် စစ်ရေးစစ်ရာ သေနင်္ဂဗျူဟာ အခင်းအကျင်းများ စသည့်မြန်မာမှု မြန်မာ့ဟန် မြန်မာ့ဂုဏ်ရည်တို့ကို ထင်ထင်ရှားရှား ဖော်ညွှန်းပြသနေကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီနှင့် လုပ်ငန်းရှင် ဦးသိန်းဇော်မိသားစုတို့ တောင်သာမြို့ သာသနာ မူလိကာရာမကျောင်းသစ် ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (စက်မှု-၁)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

# မိတ္ထီလာသူနာပြုသင်တန်းကျောင်းနှင့် ပညာရေးကောလိပ်သို့ ပညာရေးငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၂၆ ရက် နံနက်၇နာရီက မန္တလေးတိုင်း မိတ္ထီလာမြို့သို့ရောက်ရှိပြီး မိတ္ထီလာသူနာပြုသင်တန်းကျောင်းခန်းမ၌ ပြုလုပ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက မိတ္ထီလာသူနာပြု သင်တန်းကျောင်းနှင့် မိတ္ထီလာပညာရေး ကောလိပ်တို့သို့ ပညာရေးငွေပဒေသာပင် စိုက်ထူပွဲ အခမ်းအနားသို့တက်ရောက်ပြီး အမှာစကားပြောကြားသည်။**

## ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက မိတ္ထီလာ ပညာရေးကောလိပ်အတွက် ပညာရေးငွေပဒေသာပင် ငွေကျပ် ၂၅ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်သို့လည်းကောင်း၊ မိတ္ထီလာ သူနာပြုကျောင်းသို့ ပညာရေး ငွေပဒေသာပင် ငွေကျပ် ၂၅ သိန်းကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မာကြည်သို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးများက ကျေးဇူးတင်စကား ပြောကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့သည် နံနက် ၉နာရီတွင် တောင်သာမြို့ သာသနာ မူလိကာရာမ ကျောင်းသစ် ပရိယတ္တိ စာသင်တိုက်သို့ ရောက်ရှိသည်။

## ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသဝံသထံမှ ငါးပါး သီလခံယူဆောက်တည်ပြီး ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်း၊ ဇနီးနှင့် လုပ်ငန်းရှင် ဦးသိန်းဇော် မိသားစုတို့က ဆရာတော်ထံ မော်တော်ယာဉ်တစ်စီး ဆက်ကပ်လှူဒါန်းသည်။

## သာသနာရေးဆိုင်ရာလျှောက်ထား

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်း၊ ဇနီးနှင့် ဧည့်ပရိသတ်တို့သည် ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဗဟိုအတွင်းရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

## တက်ရောက်ချီးမြှင့်

နံနက် ၉ နာရီခွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မြင်းခြံခရိုင် တောင်သာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ မိသားစုတို့၏ကောဒသမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ပညာရည်မြင့်မားတိုးတက်ရေးအတွက် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

## ဆုများချီးမြှင့်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးငါးဘာသာရရှိသူ မောင်ဆက်ဝေဖြိုး၊ လေးဘာသာဂုဏ်ထူးရှင် မောင်သုဝဏ်၊ သုံးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော မောင်အောင်မျိုးသန့်၊ မောင်အောင်ဇော်ဦး၊ မောင်ဖေယျာအောင်၊ မအိအိထွေး၊ မရွှေဇင်အောင်နှင့် မောင်ဟံဆွေဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၇ဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိစေရန် ထူးချွန်စွာ သင်ကြားပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများပေးအပ်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်သိပ္ပံကျောင်းများ၌ တက်ရောက်ပညာသင်ယူခဲ့သည့် တောင်သာမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၅၀ တို့အား တစ်ဦးလျှင်ငွေကျပ် နှစ်သောင်းစီ ပေးအပ်သည်။

## ဂုဏ်ပြုဆုပေးအပ်

ထို့နောက် ဝန်ကြီး၏ ဇနီး ဒေါ်ခင်ခင်ရီ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ တိုင်းအလုပ် အမှုဆောင် ဦးအောင်ဝင်းကြည်၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းနှင့် တာဝန်ရှိသူများက တောင်သာ အထက၊ ရုံးစည်ကြီး အထက(ခွဲ)၊ ဇရပ်ကြီး အထက(ခွဲ)၊ ဖက်တော အထက(ခွဲ)၊ မြေဖြူကုန်း ဘုန်းတော်ကြီးကျောင်း၊ မင်းစု အလက၊ နန်းတဲ အလက(ခွဲ)၊ နဖောင် အလက(ခွဲ)တို့မှ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသား ကျောင်းသူများအားဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အခြေခံပညာမူလတန်းကျောင်းများသို့ကျောင်းသုံးစာရေးခုံများကို ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ပေးအပ်လှူဒါန်းသည်။

## ဂုဏ်ပြုမှတ်တမ်းပေးအပ်

ဆက်လက်၍ တောင်သာမြို့နယ် မြေဖြူကုန်း ဘုန်းတော်ကြီးသင်တွဲဖက် အခြေခံပညာကျောင်းအတွက် ပညာရေးရန်ပုံငွေပင်မ စိုက်ထူလှူဒါန်းငွေကျပ်သိန်း ၂၀ ကို အလှူရှင်များကိုယ်စား မြေဖြူကုန်း ကျေးရွာမှ ဒေါ်ခင်ဥ၊ သား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးတင်ရွှေက လှူဒါန်းရာ ဗဟိုအတွင်းရေးမှူးက အလှူငွေများလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

## ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျောင်းအုပ် ဆရာမကြီးနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဗညားဒလလမ်း အမှတ်(၃၁၄) နေ ဒေါ်ညွန့်ညွန့်ဝင်းက ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို မင်းကွန်းရွှေစင်တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာ လင်္ကာရထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ် လှူဒါန်းစဉ်။** (က-ပ)

## စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

တေရသမအကြိမ်တွင် တင်ဆက်ယှဉ်ပြိုင်ခဲ့သည့် "ဝိဓူရဇာတ်တော်ကြီး"တွင် ဘုရားအလောင်းတော် ဝိဓူရအမတ်ကြီး၏ဖြောင့်မတ်တည်ကြည်သည့် သစ္စာတရား၊ အတ္တဆန္ဒကင်းရှင်းစွာ ကိုယ်ကျိုးမငဲ့ကွက်ဘဲ ပညာစွမ်းအားဖြင့် သမာသမတ်ကျစွာ တရားဆုံးဖြတ်မှုတို့ကို ဖော်ညွှန်းထားပါသည်။ ထို့အပြင် သည်းခံခြင်းတရားနှင့် မေတ္တာတရားတို့၏ ကောင်းကျိုးကုသိုလ် အကျိုးအာနိသင်ကိုလည်းကောင်း၊ အဆွေခင်ပွန်းအပေါ် ကျေးဇူးစောင့်ထိန်းခြင်းဖြင့် ဆောက်တည်အပ်သည့် သာဓုနရတရားခေါ်သည့် သူတော်ကောင်းကျင့်စဉ်လေးပါးကို ထုတ်ဖော်ဟောကြားခြင်းအားဖြင့် မိမိဝန်းကျင်ရှိ ပုဂ္ဂိုလ်များကို လိမ္မာယဉ်ကျေးအောင် သွန်သင်ညွှန်ပြနိုင်မှုများကိုလည်းကောင်း အထူးပြုဖော်ညွှန်းထားပါသည်။ ယင်းအချက်များသည် ခိုင်ကျည်သည့် သီလ၊ သမာဓိ၊ နက်နဲသည့်ပညာ၏ စွမ်းအားတို့အပေါ် မြန်မာတို့၏ ယုံကြည်လေးစားတန်ဖိုးထားမှုကို ပေါ်လွင်ထင်ရှားစေပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အဖြစ် ၁၉၉၃ ခုနှစ်မှစ၍ ကျင်းပခဲ့ရာ (၁၃)ကြိမ်မြောက် ပြိုင်ပွဲကြီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးပါသောဆောင်ရွက်ချက်တစ်ရပ်ဖြစ်၍ ယခုနှစ်ကျင်းပမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို မွန်မြတ်သော ဦးတည်ချက်(၇)ရပ်ဖြင့် ကျင်းပရန် စီစဉ်ဆောင်ရွက်ထားပါသည်။

**၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်။**
**၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။**
**၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။**
**၄။ မြန်မာတို့၏အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်။**
**၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်။**
**၆။ တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။**
**၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်။**

ဟူသော ဦးတည်ချက်များဖြင့် အမျိုးသားရေးအောင်ပွဲအဖြစ် ခြိမ့်ခြိမ့်သဲသဲ တင်ဆက်သွားမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည်မြန်မာ့လူ့အဖွဲ့အစည်း၏ဂုဏ်ယူဖွယ်ရာ အမြင့်သဘင်ပွဲကြီးဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**အင်းစိန် ပြည်သူ့ဆေးရုံကြီး ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ချီးမြှင့်ခြင်းနှင့် အခြေခံပညာအထက်တန်း ထူးချွန်အောင်မြင်သူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကိုဩဂုတ် ၂၄ ရက်က အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ အင်းစိန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်အေးမြင့်က ခြောက်ဘာသာဂုဏ်ထူးရှင် မဆုပြည့်စုံမောင်အား ဆုချီးမြှင့်စဉ်။** (က-ပ)



**စိတ်ထားကြံ့ခိုင်**

**ပန်းတိုင်ချိတက်**

**အောင်ပွဲဆက်**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၁၉) နတ်မောက်ရိပ်သာလမ်း တာမွေမြို့နယ် ရန်ကုန်မြို့နေ ဦးတင်ဆောင်-ဒေါ်တင်တင်မြင့် မိသားစုက ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# မလေးရှားအင်တာနေရှင်နယ် အိုးပင်းစစ်တုရင်ပြိုင်ပွဲ မြန်မာနိုင်ငံမှ ဝင်းဇော်ထွန်း ပူးတွဲပထမရရှိ

**သတင်းမှတ်စုနှင့် ဓာတ်ပုံ**
**သိန်းဝင်းလေး**
**(မြန်မာ့အလင်း)**

ရန်ကုန် ဩဂုတ် ၂၈

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် ဩဂုတ် ၂၁ ရက်မှ ၂၇ရက်အထိကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အိုင်ဂျီဘီဒါတိုအာသာတန်အထိမ်းအမှတ် မလေးရှားအင်တာနေရှင်နယ်အိုးပင်း စစ်တုရင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အင်တာနေရှင်နယ်မာစတာဝင်းဇော်ထွန်းသည်နောက်ဆုံးပွဲစဉ် (၁၁)တွင် ဗီယက်နမ်မှ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင် SEA Games တစ်ဦးချင်း ရွှေတံဆိပ်ဆုရှင် ဂရင်းမာစတာငုယင်အန့်ဒွန်းကို အနိုင်ကစားကာ ရှစ်မှတ်ဖြင့် ဂရင်း မာစတာများဖြစ်ကြသော ဒေါင်သယင်ဟိုင်း (ဗီယက်နမ်)၊ အိုလီဗာဒီမတ် ကလင်း (ဖိလစ်ပိုင်)၊ ဇီအာရာမန် (ဘင်္ဂလားဒေ့ရှ်)၊ လေလိုဒါဝင်း(ဖိလစ်ပိုင်) တို့နှင့် အတူပူးတွဲပထမရရှိကာ ဆုကြေးငွေ ဒေါ်လာ ၈၀၀ ရရှိခဲ့သည်။**

ဝင်းဇော်ထွန်း

**ဝင်းဇော်ထွန်းသည်အဆိုပါပြိုင်ပွဲတွင် ၂၀၀၅ခုနှစ် ကမ္ဘာ့စစ်တုရင်ချန်ပီယံလုပွဲတွင် အကြို ကွာတားဖိုင်နယ်အထိ တက်ရောက်ခဲ့သော ဖိလစ်ပိုင် ဂရင်းမာစတာ မတ်ပါရာဂွားနှင့် အင်ဒိုနီးရှား ဂရင်းမာစတာ မီဂါရန်တိုဆူဆန်တိုတို့အားလည်း အနိုင်ရရှိသည်။**

ပါဝင်ယှဉ်ပြိုင်

**ယခုနှစ်ပြိုင်ပွဲတွင် ရုရှား၊ အာမေးနီးယား၊ အိန္ဒိယ၊ အမေရိကန်၊ ဩစတြေးလျ၊ တာမင့်နစ္စတန် အပါအဝင် နိုင်ငံပေါင်း ၁၈နိုင်ငံမှ စစ်တုရင်သမား ၈၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဂရင်းမာစတာ ၁၂ ဦး၊ အင်တာနေရှင်နယ်မာစတာ ၁၈ဦးနှင့် ဖီခဲမာစတာ ကိုးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မာဒေးကားလျှပ်တစ်ပြက် စစ်တုရင်ပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်ရရှိခဲ့သည်။**

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင်ဩဂုတ်၂၇ရက်က ကျင်းပခဲ့သည့် ငါးမိနစ် လျှပ်တစ်ပြက် စစ်တုရင်ပြိုင်ပွဲတွင် အသင်းလိုက် ပြိုင်ပွဲ၌ မြန်မာအသင်းမှ ငွေတံဆိပ်ရရှိခဲ့ပြီး ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့က ရွှေနှင့်ကြေး ရရှိသွားကြသည်။**

**တစ်ဦးချင်းတွင် ဂရင်းမာစတာများ ဖြစ်ကြသော ဒေါင်သယင်ဟိုင်း (ဗီယက်နမ်)၊ ငုယင်ညော့စွန် (ဗီယက်နမ်)နှင့် မီဂါရန်တိုဆူဆန်တို(အင်ဒိုနီးရှား)တို့က ရွှေ၊ ငွေနှင့် ကြေး အသီးသီးရရှိခဲ့ကြသည်။**



တတိယအကြိမ်မြောက် အိုင်ဂျီဘီဒါတို အာသာတန် အထိမ်းအမှတ် မလေးရှားအင်တာနေရှင်နယ် အိုးပင်း စစ်တုရင်ပြိုင်ပွဲတွင် ပူးတွဲပထမရရှိသွားသည့် မြန်မာနိုင်ငံမှ အင်တာနေရှင်နယ် မာစတာ ဝင်းဇော်ထွန်း။

**(လယ်ယာ/ဆည်မြောင်း)**

လူငယ်

**အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းသည် (လယ်ယာ/ဆည်မြောင်း) ယခုပြိုင်ပွဲအပါအဝင် နိုင်ငံအတွက် ပထမဆု တစ်ဆု၊ ဒုတိယဆု သုံးဆုနှင့် တတိယဆုတစ်ဆု ရယူပေးထားပြီး နိုင်ငံအတွက် အလားအလာရှိသော လူငယ် စစ်တုရင်သမားပင်ဖြစ်သည်။**

**မြန်မာအသင်းမှ ဝင်းဇော်ထွန်း၊ နေဦး၊ ကျော်ထွန်းတို့ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာချန်ပီယံ ဝင်းဇော်ထွန်းနှင့်အဖွဲ့သည် ဩဂုတ်၂၉ရက်(ယနေ့)တွင်လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြမည်ဖြစ်သည်။ ။**

(မြန်မာ့အလင်း)

● ကျော့ဖုံးမှ

အုပ်စုပထမ၊ အင်ဒိုနီးရှား အသင်းက အုပ်စု ဒုတိယရရှိခြင်း ဖြစ်သည်။ အိမ်ရှင် မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ ပြိုင်ပွဲမှ ထွက်သွားရသည်။

**စိတ်ဓာတ်ကြံ့ခိုင်**

မြန်မာအသင်းသည်ထိုင်းအသင်းနှင့် နှစ်ဂိုးစီသရေ၊ အင်ဒိုနီးရှားအသင်းနှင့် ဂိုးမရှိ သရေကျပြီး အိမ်ရှင်မလေးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပြိုင်ပွဲမစမီကပင် အိမ်ရှင်မလေးရှားအသင်းဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေခဲ့သည်။ မြန်မာနှင့် မလေးရှားတို့ပွဲစဉ်၌ မလေးရှားအသင်းက သရေကစားရုံနှင့် ဗိုလ်လုပွဲတက်မည် ဖြစ်သည်။ ပထမပိုင်း၌ မလေးရှားအသင်းက ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းအတွက် ကျော်သူရ(ဘဏ္ဍာ/အခွန်)နှင့် စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)တို့က ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူခဲ့ပြီး ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့သည်။ ထိုင်းအသင်းနှင့်ပွဲတွင်လည်း ဦးဆောင်ဂိုးများပေးရပြီးမှ စည်သူဝင်း (ပြည်ထဲရေး)က ချေပဂိုးနှစ်ဂိုးပြန်သွင်းခဲ့ခြင်းဖြစ်ရာ မြန်မာအသင်း၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို ပြသနိုင်ခဲ့သည်။

**ခန့်မှန်းရခက်**

အင်ဒိုနီးရှားအသင်းသည် အိမ်ရှင်မလေးရှားအသင်းနှင့် တစ်ဂိုးစီ သရေ၊ မြန်မာအသင်းနှင့် ဂိုးမရှိ သရေကျပြီး ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အင်ဒိုနီးရှားအသင်း၏နည်းပြချုပ် ပီတာဝှစ် (အင်္ဂလန်)သည် ယခင်က ထိုင်းလက်ရွေးစင်အသင်းကို တာဝန်ယူခဲ့ရာ ဒေသတွင်းပြိုင်ပွဲများ၌ ချန်ပီယံဆုများ အကြိမ်ကြိမ် ရယူပေးနိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းတွင် လူငယ်နှင့်လူကြီး မျှတစွာဖွဲ့စည်းထားပြီး နာမည်ကြီး တိုက်စစ်မှူးများ ပါဝင်ကြသည်။ အင်ဒိုနီးရှား နည်းပြချုပ် ပီတာဝှစ်က မြန်မာအသင်းသည် ခန့်မှန်းရခက်သည့်အသင်းဟု ပြောကြားပြီး မြန်မာနှင့်ပွဲသည် အခက်ခဲဆုံးပွဲ တစ်ပွဲ ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

ဩဂုတ် ၂၅ ရက်က မြန်မာနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မိုးထဲလေထဲ၌ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ မြန်မာအသင်းမှ ဂိုးသမား အောင်အောင်ဦး၊ နောက်တန်းလူများ ဖြစ်ကြသည့် မင်းသူနှင့် ဇော်လင်းထွန်း(၂) တို့ အစွမ်းပြဖျက်ထုတ် ကာကွယ်နိုင်ခဲ့ကြသည်။ အင်ဒိုနီးရှားအသင်း သရေကျခဲ့သော မလေးရှားအသင်းကို မြန်မာအသင်းက အနိုင်ကစားပြခဲ့သည်။ အင်ဒိုနီးရှားအသင်းကလည်း မြန်မာအသင်း သရေကျခဲ့သော ထိုင်းအသင်းကို အနိုင်ကစားပြခဲ့သည်။ နှစ်သင်းဆုံတွေ့ခဲ့မှုတွင်လည်း သရေပွဲဖြစ်ခဲ့ရာ ခြေရည်တူ အနေအထားဟု ဆိုနိုင်သည်။ သို့သော်လည်း အိမ်ရှင် မလေးရှားအသင်းကို အနိုင်ယူခဲ့သော မြန်မာအသင်းက စိတ်ဓာတ်ရေးရာအရ အသာစီးရနေပေသည်။

**အဆင့်မြင့်ပြိုင်ပွဲ**

အာဆီယံဒေသတွင်း၌ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့သည် ဘောလုံး အင်အားကြီးနိုင်ငံများဖြစ်ကြသည်။ ယခုပြိုင်ပွဲ၌ ဗီယက်နမ်အသင်းမပါဝင်သည်ကလွဲ၍ ဘောလုံး အင်အားကြီးနိုင်ငံများ ယှဉ်ပြိုင်ကြသည်ဖြစ်ရာအဆင့်မြင့်ပြိုင်ပွဲတစ်ခုဖြစ်သည်။ တစ်ချိန်သောအခါက မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ပြီး အစဉ်အလာကောင်းများကို ပိုင်ဆိုင်ခဲ့သည်။ ယခုပြိုင်ပွဲ၌ မြန်မာအသင်း ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်ရောက်လာနိုင်ခြင်းသည် အောင်မြင်မှုဟု ဆိုရပေမည်။

**လိုက်ပါဆောင်ရွက်**

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ နည်းပြများအဖြစ် ဦးဆန်းဝင်းနှင့် ဦးကြည်လွင်၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာ အောင်ကျော်ဦး၊ သူနာပြုအဖြစ် ဦးညွန့်လင်း၊ လေ့လာသူအဖြစ် ဦးအေးမောင်လေးနှင့် ဦးတင်ဟန်တို့ လိုက်ပါဆောင်ရွက်လျက်ရှိကြသည်။

**အားကစားသမားများအဖြစ် (ဂိုး) အောင်အောင်ဦး၊ ကိုကိုအောင်၊ (နောက်တန်း) မင်းသူ၊ ဇော်လင်းထွန်း (၂)၊ မိုးဝင်း၊ ခင်မောင်လွင်၊ ကျော်ဇေယျာမင်း၊ ဇော်ထက်အောင်၊ (အလယ်တန်း)စိုးသီဟအောင်၊ အောင်မျိုးသန့်၊ စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ ဇော်ဇော်၊ ခင်မောင်ထွန်း၊ အောင်မြင့်အေး၊ (ရှေ့တန်း)စည်သူဝင်း၊ ရန်ပိုင်၊ ကျော်သူရတို့ပါဝင်ကြသည်။ ။** (မြန်မာ့အလင်း)

# မုတ်သုံလေအားကောင်းမည်

**ရန်ကုန် ဩဂုတ် ၂၈**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၂၉ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**



**ဩဂုတ် ၂၈ရက်က (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံတွင်ကျင်းပရာ အသက် ၂၀ အောက် လူငယ်စစ်တုရင်ပြိုင်ပွဲတွင် (ဝဲ မှ ယာ) ရခိုင်ပြည်နယ်မှ မင်းသိမ်းစံနှင့် မန္တလေးမှ စိုးနိုင်ထွန်းတို့ ယှဉ်ပြိုင်စဉ်။** (မြန်မာ့အလင်း)

# သမထ ဝိပဿနာ တရားတော်များ ဟောကြားပို့ချပေးမည်

**ရန်ကုန် ဩဂုတ် ၂၈**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဒလ-အံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး) က ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်း လုပ်သားများ ဓမ္မာရုံတွင် စက်တင်ဘာ ၁ ရက်မှ ၇ ရက်ထိ ညနေ ၆ နာရီမှ ည ၇နာရီခွဲထိ လည်းကောင်း၊ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏောဓမ္မဗိမာန်တွင် စက်တင်ဘာ ၈ရက်မှ ၁၄ ရက်ထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အိုးဘိုဓမ္မာရုံတွင် စက်တင်ဘာ ၁၅ရက်မှ ၂၁ရက်အထိ ညနေ ၆နာရီခွဲမှ ည ၈ နာရီအထိ လည်းကောင်း၊ ဒေါပုံမြို့နယ် ပြဿဒ်ပရိယတ္တိ စာသင်တိုက်ကြီးတွင် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ညနေ ၆ နာရီမှ ည ၇ နာရီခွဲအထိ လည်းကောင်း ဟောကြားပို့ချမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။

**(က-ပ)**

# တရုတ်နိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ အားကစားပစ္စည်းများ မန္တလေးတိုင်း ဝူရှူးဆပ်ကော်မတီသို့ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဩဂုတ် ၂၈**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ မန္တလေးတိုင်း ဝူရှူးဆပ်ကော်မတီသို့ ထောက်ပံ့သည့် ဝူရှူးအားကစားအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂နာရီက မန္တလေးမြို့ ဗထူး အားကစားပြိုင်ကွင်းရှိ ဗထူးအားကစားခန်းမ၌ကျင်းပရာ မန္တလေးတိုင်း ဝူရှူးဆပ်ကော်မတီဥက္ကဋ္ဌ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးစန်းမောင်၊ အတွင်းရေးမှူး ဦးကျော်အေးနှင့် အဖွဲ့ဝင်များ၊ တိုင်းအား/ကာ တိုင်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်သောင်းနှင့် အား/ကာသိပ္ပံမှ လက်ထောက် ညွှန်ကြားရေးမှူးများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန္တလေးမြို့ အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Duan Zhi Quan ဦးဆောင်သောအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဝူရှူးအားကစားနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**လက်ခံရယူ**

အခမ်းအနားတွင် တရုတ်ကောင်စစ်ဝန်ချုပ်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ဝူရှူးအားကစားအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်း ဝူရှူးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစန်းမောင်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အားကစားပစ္စည်းများဆိုင်ရာ စာရွက်စာတမ်းများ လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။**(အပေါ်ပုံ)**

**ကြည့်ရှုအားပေး**

ထို့နောက် ဝူရှူးအားကစားသမားများက ဝူရှူးအားကစားဖြင့် သရုပ်ပြဖျော်ဖြေညှိခံကြရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ကောင်စစ်ဝန်ချုပ်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အက်စ်တွန်ဗီလာအသင်းခေါင်းဆောင် ဘာရီ စာချုပ်အသစ်ချုပ်ဆို

လန်ဒန် ဩဂုတ် ၂၈

**အက်စ်တွန်ဗီလာ အသင်းခေါင်းဆောင် ဂါရတ်ဘာရီသည် အက်စ်တွန်ဗီလာအသင်းနှင့် လေးနှစ်စာချုပ်အသစ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။**



**အက်စ်တွန်ဗီလာနှင့် နောက်ထပ်လေးနှစ် စာချုပ်လိုက်သည့် ဘာရီ။**

အသက် ၂၅နှစ်အရွယ်ဘာရီအား ပြီးခဲ့သည့် နွေရာသီက ပို့စ်မောက်အသင်းမှ ပေါင်ငွေ ၄ ဒသမ ၅ သန်းပေးကာ ကမ်းလှမ်းမှုကို အက်စ်တွန်ဗီလာကလပ်က ငြင်းဆိုခဲ့သည်။ ပထမပိုင်း အချိန်များက အက်စ်တွန်ဗီလာအသင်းမှ ပြောင်းရွှေ့ရန် စိတ်ဆန္ဒဖြစ်ပေါ်ခဲ့သော်လည်း ဗီလာအသင်းသို့ သူ၏မိတ်ဆွေ အိုနေးလ်ရောက်ရှိ

**စုစည်းတင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

လာခဲ့ပြီးနောက် အက်စ်တွန်ဗီလာအသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

**ကျေနပ်နေ**

ယခုကဲ့သို့ ဆုံးဖြတ်ရခြင်းမှာ မိမိအနာဂတ်အတွက် အရေးကြီးသော ဆုံးဖြတ်ချက်ပင်ဖြစ်ကြောင်း၊ လာမည့်လေးနှစ်တာကာလအတွင်း မိမိအနေဖြင့် အက်စ်တွန်ဗီလာအသင်း၌ကစားရန် ဆုံးဖြတ်ခဲ့မှုအပေါ် မိမိကျေနပ်နေကြောင်း ဘာရီကပြောကြားသည်။

ဘာရီက ဆက်လက်ပြောကြားရာတွင် ဘောလုံးသမားတစ်ဦးအတွက် ခြေစွမ်းအပြနိုင်ဆုံး အသက်ပိုင်းခြားမှာ ၂၅ နှစ်မှ ၃၀ အကြားဖြစ်ကြောင်း၊ ထိုအချိန်၌ ဆုံးဖြတ်ချက်မှန်ရန် လိုအပ်ကြောင်းလည်း ၎င်းကပြောကြားသည်။

ဘာရီသည် အင်္ဂလန်ယူ–၂၁အောက် ဘောလုံးအသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်ပြီး အက်စ်တွန်ဗီလာနှင့် နောက်ထပ်လေးနှစ် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

# ကင်မရွန်းနောက်ခံလူ ဘီကီ ပရီမီယာလိဂ်အသင်း ရီဒင်းသို့ အငှားချ

မော်စကို ဩဂုတ် ၂၈

**ရုရှားနိုင်ငံ လိုကိုမိုတစ်မော်စကိုကလပ်တွင် ကစားနေသော ကင်မရွန်းနောက်ခံလူ အင်ဒရီဘီကီသည် ပရီမီယာလိဂ်အသင်းဖြစ်သည့် ရီဒင်းအသင်းသို့ တစ်နှစ်အငှားစာချုပ်ဖြင့် ရောက်ရှိရန် သေချာနေပြီဖြစ်ကြောင်း ရီဒင်းကလပ်က ပြောကြားသည်။**

**အငှားချ**

**ရီဒင်းသို့ အငှားချလိုက်သည့် ဘီကီ။**



လိုကိုမိုတစ်နှင့် ရီဒင်းကလပ်တို့အနေဖြင့် အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အငှားစာချုပ်ဖြင့် တစ်နှစ်ကစားမှု ပြီးစီးပါက အပြီးသတ်ပြောင်းရွှေ့ရေးကို ဆက်လက် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ရီဒင်းကလပ်မှ ပြောကြားသည်။

**ပြောကြား**

အင်ဒရီဘီကီသည် ဘောလုံးသမားကောင်းတစ်ဦးဖြစ်သလို စိတ်ဓာတ်ကောင်းသူ တစ်ဦးလည်းဖြစ်ကြောင်း၊ မိမိတို့အသင်းအတွက်လည်း ကြီးမားသောပံ့ပိုးမှုကို ပေးနိုင်စွမ်းရှိသူတစ်ဦးဖြစ်ကြောင်း လိုကိုမိုတစ်မော်စကိုကလပ်မှ ပြောကြားသည်။

အသက် ၂၁ နှစ် အရွယ်သာရှိသေးသည့် ဘီကီသည် ကင်မရွန်းအသင်းတွင် အဓိကနောက်ခံကစားသမားတစ်ဦးဖြစ်သလို အကောင်းဆုံးစွမ်းရည်များ ပြသနိုင်သူတစ်ဦးလည်းဖြစ်သည်။ လာမည့်သီတင်းပတ်၌ ကင်မရွန်းအသင်းသည်ရဝမ်ဒါအသင်းနှင့် ချစ်ကြည်ရေးဘောလုံးပွဲ ကစားရမည်ဖြစ်ရာ ဘီကီပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# မာတင်ခြေထောက်ဒဏ်ရာ စိုးရိမ်စရာမရှိ

လန်ဒန် ဩဂုတ် ၂၈

**အက်စ်တွန်ဗီလာနှင့် ဩဂုတ် ၂၇ရက်က ကစားခဲ့သောပွဲစဉ်၌ နယူးကာဆယ်တိုက်စစ်မှူး အိုဘာဖီမီ မာတင်ခြေထောက်ဒဏ်ရာရရှိခဲ့ရာ ထိုဒဏ်ရာသည်ဆေးစစ်ချက်အရ စိုးရိမ်ဖွယ်ရာမရှိကြောင်းသိရသဖြင့် နည်းပြ ဂလင်းရိုဒါ စိတ်သက်သာရရှိသွားသည်။**

နယူးကာဆယ် အသင်းတွင် တိုက်စစ်မှူး မိုက်ကယ်အိုဝင်မှာ ဒူးဒဏ်ရာ ရရှိထားသဖြင့် တိုက်စစ်မှူးအသစ် အားဖြည့်ထားသော မာတင်ဒဏ်ရာရရှိမှုအပေါ် အစောပိုင်းအချိန်များက နည်းပြဂလင်းရိုဒါ စိတ်ပူပန်မှုဖြစ်ခဲ့ရသည်။ ဆေးစစ်ချက်အရ မာတင်၏ ခြေထောက်ဒဏ်ရာမှာ ၁၀ရက်မှ ၁၂ရက်အတွင်း ပျောက်ကင်းသွားနိုင်မည်ဟုသိရသည်။ သို့ရာတွင် လောလောဆယ်၌ မာတင်အနေဖြင့် သီတင်းနှစ်ပတ်ကြာ ဆေးကုသမှုခံယူရမည်ဖြစ်၍ ပွဲစဉ်အချို့နှင့် လွဲဖွယ်ရှိနေသည်။ **(အင်တာနက်)**



**နယူးကာဆယ်အသင်းမှ ဒဏ်ရာရရှိသွားသော မာတင်။**

# ကမ္ဘာတစ်လွှား အားကစား

# အာဆင်နယ်မှအထွက်ခက်နေသည့်ရေးယက်စ် အင်္ဂလန်တွင် တစ်ဖန်ပြန်မကစားလိုတော့ဟုဆို

**မြင့်မောင်စိုး**

လန်ဒန် ဩဂုတ် ၂၈

**အာဆင်နယ်၌ကစားနေသော တောင်ပံကစားသမား ရေးယက်စ်က ၎င်းအနေဖြင့် အင်္ဂလန်တွင်နောက်တစ်ဖန် ပြန်ကစားတော့မည် မဟုတ်ကြောင်း ၎င်းကပြောကြားလိုက်သည်။**

**အသင့်ရှိ**

၎င်းအနေဖြင့် စပိန်မှ မည်သည့်ကလပ်အသင်းကမဆို ကမ်းလှမ်းလာပါက စာချုပ်ရန်အသင့်ရှိကြောင်း စပိန်နိုင်ငံသား ရေးယက်စ်က ပြောကြားသည်။



**အင်္ဂလန်တွင် ပြန်မကစားတော့ဟု ဆိုလာသော ရေးယက်စ်။**

**ဆန္ဒပြင်းပြ**

မိမိသည် မွေးရပ်မြေစပိန်ကလပ်အသင်းများရှိရာသို့ ပြန်လာရန် ဆန္ဒပြင်းပြနေကြောင်း အက်သလက်တီကိုမက်ဒရစ်၊ ရီးရဲမက်ဒရစ်နှင့် ဆီဗီလာအသင်းများထဲမှ တစ်သင်းသင်းသို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်းဖြင့်လည်း ၎င်းကပြောကြားသည်။

ယင်းကစားသမားနှင့်စပ်လျဉ်းပြီး ရီးရဲမက်ဒရစ်နှင့် စေ့စပ်ဆွေးနွေးမှုများ မအောင်မြင်ဘဲရှိနေရာ အက်သလက်တီကိုအသင်း၏ ကမ်းလှမ်းချက်မှာလည်း သဘောတူညီမှု မရရှိသေးကြောင်း အာဆင်နယ်က ထုတ်ဖော်ပြောကြားသည်။ ဆီဗီလာအသင်းသည်လည်း ရေးယက်စ်အား ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ သို့သော်လည်း စာချုပ်နိုင်ရေးအတွက် နီးစပ်မှုမရှိသေးချေ။ **(အင်တာနက်)**

# ဆန်းဒါးလန်းအသင်းအား ရွိုင်ကိန်းစတင်ကိုင်တွယ်ပြီ

လန်ဒန် ဩဂုတ် ၂၈

**ဆန်းဒါးလန်း ကစားသမားများကို နည်းပြသစ်ဖြစ်လာသော ရွိုင်ကိန်း စတင်လေ့ကျင့်ပေးပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။**

မန်ယူ ကစားသမားဟောင်း ရွိုင်ကိန်းသည် ဝက်စ်ဘရွန်းအသင်းနှင့် မကစားမီ ဩဂုတ်၂၇ရက်က ဆန်းဒါးလန်းအသင်းနှင့်စတင်မိတ်ဆက်ခဲ့သည်။

အသက် ၃၅နှစ်ရှိ ရွိုင်ကိန်းသည် မကြာမီ ဆန်းဒါးလန်းအသင်းနှင့် တရားဝင် စာချုပ်ချုပ်ဆိုလိမ့်မည်ဟု မျှော်လင့်ရသည်။

၎င်းသည် နော့တင်ဟမ်ဖောရက်စ်နှင့် ဆဲလ်တစ်ကွင်းလယ်ကစားသမား





**ဆန်းဒါးလန်း နည်း ပြ ဖြစ်လာသည့် ရွိုင်ကိန်း။**

အဖြစ်မှ ကြောင်နက်ဆန်းဒါးလန်းအသင်း၏ မန်နေဂျာအဖြစ်သို့ ကူးပြောင်းတော့မည်ဖြစ်သည်။

**စိန်ခေါ်မှုများ**

သို့သော်လည်း ရွိုင်ကိန်းသည် ပြီးခဲ့သော ရာသီက ပရီမီယာလိဂ်တွင် လေးနှစ်ဆက်တိုက် တန်းဆင်းခဲ့သော ဆန်းဒါးလန်းအသင်းကို ကိုင်တွယ်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။ **(အင်တာနက်)**



**ရီးရဲမက်ဒရစ်မှ အချိန်မီ ထွက်ခွာခွင့်ရရေး စိုးရိမ်ပူပန်နေသော ဂရာဗီဆင်။**

# ရီးရဲမက်ဒရစ်မှ ထွက်ခွာရေး ဂရာဗီဆင် စိုးရိမ်ပူပန်

**လန်ဒန် ဩဂုတ် ၂၈**

ရီးရဲမက်ဒရစ်ကစားသမား သောမက်စ်ဂရာဗီဆင်သည် ရီးရဲမက်ဒရစ်မှ ဗြိတိသျှကလပ်အသင်းငါးသင်းထဲမှ တစ်သင်းသို့ ပြောင်းရွှေ့ရန်မှာ အချိန်ကုန်လွန်တော့မည်ဖြစ်၍ စိုးရိမ်ပူပန်လျက်ရှိသည်။

**ဆက်သွယ်**

ဂရာဗီဆင်သည် ဆဲလ်တစ်၊ နယူးကာဆယ်၊ ဘော်လ်တန်၊ မစ်ဒယ်ဘရော့နှင့် ၎င်း၏အသင်းဟောင်း အဲဗာတန်တို့သို့ ပြောင်းရွှေ့ရန် ဆက်သွယ်ထားသည်။

**ပြောင်းရွှေ့နိုင်**

ရီးရဲမက်ဒရစ်က ဂရာဗီဆင်အား ပေါင်နှစ်သန်းရလျှင် မည်သည့်အသင်းမဆို ပြောင်းရွှေ့နိုင်ကြောင်း ပြောကြားထားခဲ့သည်ဟုဆိုသည်။ ၎င်းအား ၂၀၀၅ခုနှစ် ဇန်နဝါရီလက ပေါင် ၂ဒသမ ၅သန်းဖြင့် ရီးရဲမက်ဒရစ်က အဲဗာတန်မှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂရာဗီဆင်အား ရီးရဲမက်ဒရစ်က ယခင်နှစ်ရာသီတွင် အဓိကကစားသမားအဖြစ် ပေးမကစားခဲ့သဖြင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒိန်းမတ်နည်းပြ မော်တန်အိုဆင်၏အကူအညီဖြင့် အသင်းဟောင်း အဲဗာတန်သို့ပြောင်းရွှေ့ခွင့်ရအောင် ကြိုးစားမည်ဖြစ်ကြောင်းလည်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**



## ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင် အရည်အချင်းတိုးတက်ရေး သင်တန်းဆင်း

ပြည် ဩဂုတ် ၂၁

**လုပ်ငန်းခွင်အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၀၆) ဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက်က ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) လက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်တိုးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။

ဆက်လက်၍ တတိယဆုရ ရွှေတောင်မြို့နယ်ရုံးမှ ရုံးအကူ ဦးကိုကိုမင်း၊ ဒုတိယဆုရ ပြည်ခရိုင်ရုံးမှ အကြီးတန်းစာရေး ဦးစန်းမြင့်နှင့် ပထမဆုရ ပေါက်ခေါင်းမြို့နယ်ရုံးမှ လုပ်သားရုပ်/သံ ဒေါ်ဥမ္မာကျော်တို့အား တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် တာဝန်ရှိသူများကဆုများ ပေးအပ် ချီးမြှင့်ကြသည်။

**ဆုချီးမြှင့်**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က လုပ်ငန်းခွင်အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၆) နှင့် အမှတ်စဉ် (၂/၂၀၀၆) တို့မှ ခရိုင်ပထမဆုရ ရွှေတောင်မြို့နယ်မှ စာကြည့်တိုက်လက်ထောက်(၃)ဒေါ်ဆွေဆွေအောင်အား ဆုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အရန်သားဖွားသင်တန်းဖွင့်ပွဲ ကျင်းပ ပခုက္ကူ၌ ရည်ရွယ်ချက်ရှင်းလင်း

**ပခုက္ကူ ဩဂုတ် ၂၀**

ပခုက္ကူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွား သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၅ရက် နံနက်၈နာရီက ပခုက္ကူမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ငါးမြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်း **(အပေါ်ပုံ)** က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားသည်။

**သင်တန်းကာလ**

အဆိုပါ သင်တန်းသို့ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့်ဆိပ်ဖြူမြို့နယ်များမှ သင်တန်းသူ ၃၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည် ဖြစ်သည်။

**(၄၁၃)**



## ရွှေတောင်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရွှေတောင် ဩဂုတ် ၂၄

**ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို ဩဂုတ် ၂၂ ရက် နံနက်က အဆိုပါအသင်းရုံး၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်း**(အပေါ်ပုံ)**နှင့် တိုင်းအလုပ်အမှုဆောင် ဦးခင်အောင်ဝင်းတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးထွန်းထွန်းဦးက နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် ကိုယ်စားလှယ်စည်းရုံးရေးမှူးများက ကဏ္ဍအလိုက် အစီရင်ခံစာများကို ဖတ်ကြား ကြကာ စည်းရုံးရေးမှူးတစ်ဦးက အကြံပြုဆွေးနွေးတင်ပြသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် သုံးဘာသာ ဂုဏ်ထူးရှင် မဆုရည်ဝင်း၊ အသင်း တာဝန်ကျေပွန်မှုနှင့် စွမ်းဆောင်နိုင်မှု အကောင်းဆုံးဆုရ စည်းရုံးရေးမှူး နှစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်သည်။

ထို့နောက် အသင်းအတွင်းရေးမှူးက ကျေးရွာစာကြည့်တိုက်များအတွက် ရွှေနိုင်ငံနှင့် စိမ်းလဲ့ရွှေပြည် ဂျာနယ်မျိုးစုံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးသို့ ပေးအပ်သည်။

**ဂုဏ်ပြုလွှာ**

အလှူရှင် ပြည်ခရိုင်အသင်း ခရိုင်အလုပ်အမှုဆောင် ဒေါ်ပိုပိုအောင်က ငွေကျပ်တစ်သောင်းနှင့် ခြံဝန်း သံပန်းတံခါးအလှူရှင် ငွေရတနာပန်းအထည်တိုက်ပိုင်ရှင် ဦးအောင်ကြည်၊ ဓနီးသုခမ္မသီဂီ သီဟသုခမ္မသီဂီ ဒေါ်ရင်ကြွေ မိသားစုတို့အား မြို့နယ်အသင်း အတွင်းရေးမှူးက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

အဆိုပါအစည်းအဝေးကဆုံးဖြတ်ခြင်း နှစ်ရပ်၊ အတည်ပြုခြင်း တစ်ရပ်နှင့် မှတ်တမ်း တင်ခြင်းသုံးရပ် ချမှတ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

**ချောင်းဆုံ ဩဂုတ် ၂၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့်စာပေညီလာခံအတွေ့အကြုံရှင်းလင်းပွဲကို ဩဂုတ် ၁၆ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌမောင်ကြင်ယု (ချောင်းဆုံ)က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့လုပ်ငန်းများညှိနှိုင်း ဆွေးနွေးပွဲများကို ထပ်ဆင့်ဆွေးနွေးခဲ့ကြသည်။

**(မြို့နယ်စာပေနှင့် စာနယ်ဇင်း)**

**မြောင်းမြမြို့ မြသာယာဈေးအတွင်း အလေးချိန်ခွင်များ မှန်ကန်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အသားငါးများ ယင်လုံ ဆန်ခါဖြင့် ရောင်းချရေး တို့အတွက် ဩဂုတ် ၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)





## အလှဆင်တုံးပြုလုပ်

**မောင်တောမြို့ပြ သာယာလှပရေးအတွက် မင်းဘာကြီးလမ်း လမ်းလယ်ကျွန်း အလှဆင်တုံးများ ပြုလုပ်ခြင်းလုပ်ငန်းကို ဩဂုတ် ၂ရက် က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ကြည့်ရှုစစ်ဆေးကြစဉ်။**

(မြို့နယ် စည်ပင်)

## ခင်ဦးမြို့မဈေး သားငါးဆိုင်များ ကျန်းမာရေးနှင့်အညီရောင်းချရေးစစ်ဆေး

**ခင်ဦး ဩဂုတ် ၂၀**

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးဝင်းနိုင်သည် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ တာဝန်ခံ ဒုတိယဦးစီးမှူး (အခွန်) ဦးခင်မောင်လွင်နှင့် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ်၁၄ရက် နံနက်က ခင်ဦးမြို့မဈေးအတွင်း ကျန်းမာသန့်ရှင်းမှု၊ သားငါးဆိုင်များ ရောင်းချမှု အခြေအနေများကို လိုက်လံစစ်ဆေးပြီး ကျန်းမာရေး၊ သန့်ရှင်းရေးနှင့်အညီ ရောင်းချရေး ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ **(ယာပုံ)**

ထို့အပြင် မြို့ပေါ်စားသောက်ဆိုင်များ၊ မုန့်ဖိုများနှင့် လမ်းဘေးရေမြောင်းများကို လည်းကောင်း၊ အများပြည်သူသုံး ရေကန်များကို လည်းကောင်း ကျန်းမာရေးနှင့် ညီညွတ်မှုရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



## မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှား

ကျောက်ကြီး ဩဂုတ် ၁၀

**ကျောက်ကြီးမြို့တွင် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မိသားစု၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။**

**အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းက အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်သက်ဝင်းက မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အကြောင်း ရှင်းလင်းပြောကြားသည်။**

**ထို့နောက် နိုင်ငံတော်က ချီးမြှင့်သည့် မိခင်နို့စနစ်တကျ တိုက်ကျွေးရေး အသိအမှတ်ပြု ဂုဏ်ပြုဆုများကို မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

# ဆန်စပါးကို ဒေသဝမ်းစာဖူလုံရေးသာမက နောင်တိုးလာမည့် လူဦးရေအတွက်ပါ ရည်မှန်းစိုက်ပျိုး စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပြီး စိုက်ပျိုးရေရရှိရေး ဆည်မြောင်းတမံများ တည်ဆောက် ဒေသနှင့်ကိုက်ညီသည့် ကျွန်းသစ်နှင့် ပျဉ်းကတိုးများ ပိုမိုစိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား)သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါက်တာစန်းလှိုင်နှင့် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျိန်ခရန်ကျေးရွာ ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီလီမိတက်၏ ဥယျာဉ်ခြံမြေ နှစ်ရှည်ပင်များ စိုက်ပျိုးရေးစီမံကိန်းရှိ ရော်ဘာ၊ ကျွန်း၊ ကရဝေး၊ ပျဉ်းကတိုး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် မြန်မာနှင့်အင်ဒိုနီးရှား ယနေ့ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဩဂုတ် ၂၈

**မလေးရှားနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဩဂုတ် ၂၉ ရက်(ယနေ့) မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံ ရှာအလမ်မြို့ရှိ ရှာအလမ်အားကစားကွင်း၌ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

(၁၇)ကြိမ်

**မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို မလေးရှားနိုင်ငံ၌ ၁၉၅၇ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ၂၀၀၁ ခုနှစ်၌ နောက်ဆုံးကျင်းပခဲ့သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် (၁၇)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု သုံးကြိမ်၊ ဒုတိယဆု သုံးကြိမ်နှင့် တတိယဆု လေးကြိမ်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ၁၉၇၅ ခုနှစ်တွင် တတိယဆုရရှိခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် ပထမရရှိသောအသင်းအား အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ ဒုတိယရရှိသောအသင်းအား အမေရိကန် ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။**

အုပ်စုပထမ

**(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားအသင်းနှင့်အတူ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ လေးသင်းပတ်လည် ယှဉ်ပြိုင်ကစားပြီး အမှတ်အများဆုံး နှစ်သင်း ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်၊ အင်ဒိုနီးရှားအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲ သရေ ငါးမှတ် ရရှိသည်။ မြန်မာနှင့် အင်ဒိုနီးရှားတို့ ရမှတ် ငါးမှတ်စီတူညီသော်လည်း သွင်းဂိုးရလဒ်အရ မြန်မာအသင်းက** *စာမျက်နှာ ၁၂ ကော်လံ ၄* ●

**သတင်းဆောင်ပါး**
**ကိုထွေး**

| ဩဂုတ် ၂၈ ရက်၌ မိုးရွာသွန်းလေသမျှ | | | | |
| --- | --- | --- | --- | --- |
| ရေးမြို့ | ၃ | ဒသမ | ၂၃ | လက်မ |
| ဖျာပုံ | ၂ | ဒသမ | ၉၉ | လက်မ |
| ထားဝယ် | ၂ | ဒသမ | ၈၃ | လက်မ |
| ခန္တီး | ၂ | ဒသမ | ၇၆ | လက်မ |
| ဝမြို့ | ၂ | ဒသမ | ၃၂ | လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | ၀ | ဒသမ | ၈၇ | လက်မ |
| ကျောက်ဆည် | ၀ | ဒသမ | ၁၁ | လက်မ |

# NLD ပါတီ၏လုပ်ရပ်များ စိတ်ပါဝင်စားမှုမရှိ ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ မော်လမြိုင်ကျွန်းမြို့နယ် NLD ပါတီဝင် ၂၅ ဦး ထပ်မံနုတ်ထွက်

**ရန်ကုန် ဩဂုတ် ၂၈**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အောင်လှိုင်ကျေးရွာမှ ရပ်ကွက်နှင့် ကျေးရွာအဖွဲ့ဝင် ဦးမြင့်ဆွေ၊ ဦးမြင့်သန်း၊ ဦးမြင့်သိန်း၊ ဦးဝင်းမောင်နှင့် ဦးတင်လှိုင်၊ သပြေချောင်း ကျေးရွာမှ ဦးလှသိန်း၊ အမှတ်(၁) ရပ်ကွက်မှ ဦးမောင်မောင်သန်း၊ ဝါးရခိုင်ကျေးရွာမှ ဦးအေးကို၊ ဦးမော်တာနှင့် ဦးဘိုးကျူးတို့ အပါအဝင် ပါတီဝင် ၂၅ ဦး တို့သည် ဇူလိုင် ၂၈ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီ၏ လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့ကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

**တောင်ငူနှင့် မဒေါက်မြို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်**

ရန်ကုန် ဩဂုတ် ၂၈

**စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၆၄၈ စင်တီမီတာနှင့် ၁၁၄၈ စင်တီမီတာအသီးသီးသို့ ရောက်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ နှင့် စင်တီမီတာ ၁၀၇၀ အသီးသီး အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။** (မြန်မာ့အလင်း)